# ကားတိုင်ပေါ်မှာ ထိုနေ့တစ်နေ့

## ဂျက်ဖာဆွန်ဘေးလီး၊ အင်ဒီယားနား၊ အမေရိကန်။

၆၀ - ၁၉၂၅

1 ၁။ ဘုရားသခင်ကောင်းချီးပေးပါစေ၊ ဘရာသာနက်ဇီးလ်၊ ခင်ဗျားကို အရမ်းကျေးဇူးတင်ပါတယ်။ မိတ်ဆွေများအားလုံးမင်္ဂလာနံနက်ခင်းပါ။ ကျွန်တော်တို့ ဒီမှာ တဲတော်ကို ရောက်လာတာက အင်မတန် ထူးမြတ်တဲ့အခွင့်အရေး ဖြစ်ပါတယ်။ ဒီမနက်တစ်ဖန်ပြန်လည် ရောက်ရှိပြီးတော့ ဘုရားသခင်ကို အစေခံခြင်း၊တရားဟော ခြင်း၊ လူနာများအတွက် ဆုတောင်းပေးခြင်း ဖြစ်ပါတယ်။ ဒီနေ့အတွက်လည်း ကျွန်တော်အရမ်းကျေးဇူးတင်မိပါ တယ်။ ကျွန်တော်ဝင်လာတာနဲ့ ကျွန်တော် အရမ်းကို အံ့ဩမိပါတယ်။ ညီကိုတစ်ဦးကတက်လာပြီးတော့ ပြော ပါတယ်။ ကျွန်တော်ကတော့ နူနာရောဂါ စွဲကပ်ပြီးတော့ အနာရောဂါပျောက်ကင်းခြင်းဖြစ်သွားတဲ့ဘာမှ အဖိုး တန်တဲ့ လူနာတစ်ယောက်ကဲ့သို့ မဖြစ်စေချင်ပါဘူးလို့ သူကပြောပါတယ်။ အဲဒါ ဘရာသာရိုက်ဘဲဖြစ်ပါတယ်။ ကျွန်တော် သူ့အတွက် ဆုတောင်းပေးပါတယ်။ ကိုယ်တော်ရှင်က သူ့ကို လုံး၀အနာရောဂါကိုပေးပျောက်လိုက်ပါတယ်။ သူငိုပြီးတော့ ကျွန်တော့်ဆီကို တက်လာပြီးတော့ ကျွန်တော့်လက်ကိုဖမ်းဆွဲပြီးတော့ နုတ်ဆက်လိုက် ပါတယ်။ သူအနာရောဂါပျောက်ကင်းတဲ့အတွက်လည်း ကိုယ်တော်ရှင်ကိုကျေးဇူးတင်လိုကြောင်း သူပြောပါ တယ်။ သူပြန်လာပြီးတော့ ကျေးဇူးတော်ကို ချီးမွမ်းဘို့လာတယ်လို့ ပြောပါတယ်။ အဲဒါတွေအားလုံး ပြီးဆုံးသွား ပါပြီ။ သူအခု လုံး၀ နေကောင်းသွားပါပြီ။ကျွန်တော်တို့ဟာ အဲဒီလိုသက်သေခံချက်တွေအတွက် အရမ်းကို ကျေးဇူးတင်မိပါတယ်။

2 ၂။ ချာလီသင်နဲ့ဘရာသာဂျက်ဖရီးစ်တို့ ဖြစ်ပါတယ်။ ခင်ဗျားတို့လည်း ဒီမှာ တက်လာပြီးတော့ ဒီနေရာတွေ မှာထိုင်နိုင်ပါတယ်။ ခင်ဗျားတို့ိကို မတ်တပ်ရပ်ပြီးနေတာထက် ခင်ဗျားတို့ကို ဒီမှာ လာဘို့အတွက်ပိုပြီးတော့ ကြိုဆိုပါတယ်။ ခင်ဗျားတို့ ဒီမှာလာရင် မတ်တပ်ရပ်နေစရာ မလိုပါဘူး။ တခြားညီကိုတွေလည်းရှိပါတယ်။ ဘရာသာ၀တ်ဒ်စ် ဒီ အပေါ်တက်လာပါ။ ဒီမှာ နေရာတစ်နေရာ ရှိပါတယ်။ ခုံတန်းလျားမှာနေရာရှိပါတယ်။ ခင်ဗျား တို့ မတ်တပ်ရပ်ဖို့ မလိုပါဘူး။ ဒီမှာလည်း နေရာ (၂)နေရာလောက်ရှိတယ်လို့ကျွန်တော် ထင်ပါတယ်။ ဒီနေရာ မှာ နေရာယူပြီးတော့ ခင်ဗျားတို့ကို လာဘို့အတွက် ကျွန်တော်ကြိုဆိုပါတယ်။ ကျွန်တော်တို့အားလုံး ၀မ်းသာပါတယ်။ တချိန်က ပြောခဲ့တဲ့အရာတစ်ခုကို ကျွန်တော်ယုံကြည်ပါတယ်။ သူတို့ ကျွန်တော့်ကို ပြောပြ တဲ့အခါမှာ ကျွန်တော် ၀မ်းမြောက်၀မ်းသာ ဖြစ်မိပါတယ်။ ကိုယ်တော်ရှင်နဲ့အတူ သွားကြပါစို့။ အဲဒါတွေကတော့ ခရစ်ယာန်တွေရဲ့ အခွင့်အရေးနဲ့ ၀မ်းမြောက်ခြင်းဖြစ်ပြီးတော့ ကိုယ်တော်ရှင်ရဲ့ အိမ်တော်ထဲကို သွားဘို့ဘဲဖြစ်ပါ တယ်။

3 ၃။ လှည့်ပတ်ပြီးတော့ကြည့်လိုက်တဲ့အခါမှာ ဒီမနက် ကျွန်တော့် မိတ်ဆွေတွေ တော်တော်များတာကို တွေ့ရပါတယ်။ ကျွန်တော်အဲဒါကြောင့်မို့ ကျွန်တော် စိတ်ထဲမှာ အရမ်းဘဲ တက်ကြွသွားပါတယ်။ ဘရာသာနဲ့ စစ္စတာဒေ့ါရှ်ကိုလည်းတွေ့ရလို့ ကျွန်တော် ၀မ်းသာပါတယ်။ သူတို့ ကတော့ အိုဟိုင်းအိုးကဘဲ လာတာဖြစ်ပါ တယ်။ ကျွန်တော်ဘရာသာနဲ့စစ္စတာ အမ်းစထရောင်းကိုလည်း အိုဟိုင်းအိုးကနေ ဟိုးအဝေးကြီးကနေ လာ တယ်။ နောက်ပြီးတော့ဟိုးအနောက်ဖက်မှာ ထိုင်နေတာကိုလည်း တွေ့ရပါတယ်။ ဘုရားသခင် ခင်ဗျားတို့ကို လည်း ကောင်းချီးပေးပါစေ။ကျွန်တော် အဲဒီလိုလှည့်ပတ်ကြည့်လိုက်တဲ့အခါမှာ နံမယ်တွေကိုမှတ်မိဖို့တော့ ကျွန်တော်ကျွန်တော့်အတွက် ခက်ခဲပါတယ်။ တော်တော်များများကို ကျွန်တော်နံမယ် မမှတ်မိပါဘူး။ စစ္စတာဟူးဘား ဒီမနက် ကင်တာကီမှာ ကင်တာကီကနေပြီးတော့ လာတော့ ကျွန်တော်တို့ အရမ်း၀မ်းသာမိပါတယ်။နောက်ပြီးတော့ ချာလီနဲ့ နယ်လီ၊ ဘရာသာဂျက်ဖရီးစ်နဲ့ သူ့မိသားစု ဒီမြို့အပြင်ကနေ လာတဲ့သူတော်တော်များ များ တွေ့ရပါတယ်။ ဒီမနက် ကိုယ်တော်ရှင်နဲ့ ပတ်သက်လို့ ကျွန်တော်တို့ အင်မတန်ကြီးမြတ်တဲ့ အချိန်ရတယ် လို့ ကျွန်တော်တို့က မျှော်လင့်ကြပါတယ်။ ကျွန်တော်တို့ရဲ့ဝိညာဉ်တွေကိုကောင်းချီးပေးဘို့ မျှော်လင့်ပါတယ်။ ကျွန်တော်တို့ လိုအပ်တဲ့အရာတွေကိုလည်း ကိုယ်တော်ရှင်ဖြည့်ပေးဘို့အတွက် ကျွန်တော်တို့ ဆုတောင်းပါ တယ်။ ကျွန်တော် ဒီနေရာကို သေချာလှည့်ပတ်ကြည့်တဲ့အခါမှာကျွန်တော့်မိသားစုတွေ၊ ဒီနားမှာရှိတဲ့ လူတွေ အားလုံးကို ခေါ်လိုပါတယ်။ မနက်ပိုင်းများသောအားဖြင့်မတူညီတဲ့အရာတွေကို ကျွန်တော်တို့ ကျွန်တော် ယူ ဆောင်လိုပါတယ်။ ကျွန်တော့်အတွက် အဲဒါကကောင်းမွန်တဲ့အရာလို့ ခံစားရပါတယ်။ အသင်းတော်ကို ပြန် လည်ရောက်ရှိဘို့အတွက်ဘဲ ဖြစ်ပြီးတော့လူတွေအားလုံး ဒီအထဲမှာ ရှိနေဘို့အတွက်ဘဲ ဖြစ်ပါတယ်။

4 ၄။ ကျွန်တော်တို့ကောင်းကင်ရောက်တဲ့အခါမှာ ဘယ်လိုနေမှာလဲ။ ထာ၀ရနဲ့ဆိုင်တဲ့အရာမှာ အင်မတန် ကြီးမြတ်တဲ့နေရာမှာကျွန်တော်တို့ ဆုံတွေ့ရမှာ ဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ ပလ္လင်တော်ပတ်လည်မှာ ကျွန် တော်တို့ကထာ၀ရ မိဿဟာယ အတူတကွ ဖွဲ့ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး နှစ်သက်ကြတဲ့ အင်မ တန်ကြီးမြတ်တဲ့ကောင်းချီးမင်္ဂလာများဘဲ မဟုတ်ပါလား။ အဲဒီမှာ ကိုယ်တော်ရှင်ကဲ့သို့ဘဲ ဖြစ်မှာ ဖြစ်ပါတယ်။ကိုယ်တော်ရှင်ရဲ့ ပုံသဏ္ဍာန်တော်အတိုင်း ဖြစ်ပြီးတော့ သူ့ရဲ့ဝိညာဉ်ဟာ ကျွန်တော်တို့အပေါ်မှာသက်ရောက်ပြီး တော့ ကိုယ်တော်ကို ကျွန်တော်တို့ ၀တ်ပြုကိုးကွယ်ခြင်း ကိုယ်တော်ကို အစေခံခြင်းတို့ကိုထာ၀ရ လုပ်ဆောင်ရ မှာ ဖြစ်ပါတယ်။ ဘယ်တော့မှ မောပန်းခြင်းဆိုတာ မရှိတော့ပါဘူး။ သေချာစဉ်းစားပါ။ကျွန်တော်တို့အားလုံး စဉ်းစားဘို့ရန်အတွက်ကတော့ ဘာမှ မရှိပါဘူး။ သင် လုပ်ဆောင်လိုတဲ့အရာလည်းမရှိပါဘူး။ ဒါပေမဲ့လည်း တခဏအကြာမှာ သင်တို့ဟာ အဲဒါကို လုပ်ဘို့အတွက် မောပန်းသွားမှာဖြစ်ပါတယ်။ ချာလီ၊ ခင်ဗျားဟာ ရှဉ့်ကလေးတွေ လိုက်ပြီးတော့ ဖမ်းတယ်ဆိုတာကို ကျွန်တော်သိပါတယ်။တခြားအလုပ်တွေထက် အဲဒါကို ကျွန်တော် ပိုပြီးတော့ လုပ်ပါတယ်။ ဒါပေမဲ့လည်း အခုအခါမှာတော့အဲဒါကို ခင်ဗျား မလုပ်ချင်တော့ပါဘူး။ နောက်ပြီးတော့ ကျွန်တော်ကတော့ တောင်တက်ချင်ပါတယ်။တောင်တက်ပြီးတော့ တောင်ထိပ်တွေကို ခြေလျင်နဲ့ တခါတည်းတက်သွားချင်ပါတယ်။ ဒါပေမဲ့ တခါတည်းတခါတခါကျရင် ကျွန်တော် အရမ်းမောပန်းပါ တယ်။ စိတ်ပျက်ပါတယ်။ တခြားဟာတွေကိုဘဲ ကျွန်တော်လုပ်ချင်ပါတယ်။ နောက်ပြီးတော့ ကျွန်တော် ကား မောင်းရတာကိုလည်း နှစ်သက်ပါတယ်။ တခါတရံမှာကျွန်တော်က မလုပ်ချင်တော့လောက်အောင်ကို စိတ်ပျက်ပြီးတော့ မလုပ်ချင်တဲ့ အနေအထားမျိုးမှာရှိပါတယ်။ စိတ်ပျက်လက်ပျက်ပြီးတော့ ကျွန်တော့်ရဲ့ အာရုံတွေ ကလည်း အဆုံးအစွန်ကို ရောက်သွားပါတယ်။ကျွန်တော် ကားထဲကို ခုန်ဝင်လိုက်တယ်။ နောက်ပြီး မောင်း ထွက်သွားတယ်။ ဒီကားစတီယာရင်ဘီးကိုလည်း ကိုင်ပြီးတော့ ကျွန်တော် သီချင်းဆိုပြီးတော့ လမ်းထဲမှာ မောင်းသွားပါတယ်။ကျွန်တော် အရမ်း၀မ်းသာပါတယ်။ သူတို့ထဲမှာ ကျွန်တော်

တစ်ယောက်အပါအဝင် ဖြစ်လို့ ဝမ်းသာပါတယ်ဆိုတဲ့သီချင်းဒါမှမဟုတ် တခြား တစ်ခုခုကို ကျွန်တော် သီဆိုပြီးတော့ ကားမောင်းသွားပါတယ်။ ကျွန်တော်ကစတီယာရင်ဘီးကို ဆုပ်ကိုင်ပြီးတော့ သီချင်းဆိုပါတယ်။ ကျွန်တော့်ရဲ့ ခြေထောက်ကို လည်းလှုပ်ပြီးတော့ အော်ဟစ်မိပါတယ်။ နောက်မကြာခင်မှာဘဲ ကျွန်တော် မောပန်းသွားပါတယ်။ အဲဒီအချိန်မှာ ကျွန်တော် အိမ်ကို ပြန်လှည့်ပါတယ်။ တခြားဟာကို လုပ်ဖို့စတင်လိုက်ပါတယ်။ ဒါပေမဲ့လည်းဘုရားသခင် ကို ကျွန်တော်တို့ ဝတ်ပြုကိုးကွယ်တဲ့အခါမှာ ဒီနိုင်ငံတော်အသစ်မှာ ဘယ်တော့မှမောပန်းသွားတဲ့အချိန် ဘယ်တော့မှ မရှိပါဘူး။ အမြဲတမ်းဘဲ ကောင်းချီးတွေ ရှိနေမှာ ဖြစ်ပါတယ်။ဆက်၍ ဆက်၍ မဆုံးနိုင်ပါဘူး။ ဒါပေမဲ့လည်း အဲဒီအချိန်မှာ ကျွန်တော်တို့က ပြောင်းလဲသွားကြပါပြီ။အခု ကျွန်တော်တို့က ရှိနေတဲ့ပုံစံမျိုး မ ဟုတ်ပါဘူး။ ကျွန်တော်တို့က ခြားနားတဲ့ သတ္တဝါတွေဖြစ်သွားကြပါပြီ။ နောက်ပြီးတော့ ဒီအချိန်မှာ ရှိတဲ့ပုံစံနဲ့ လုံးဝ မတူတော့ပါဘူး။ အဲဒါကြောင့်မို့ကျွန်တော်တို့ဟာ အရမ်းဘဲ ဝမ်းသာကြပါတယ်။

5 ၅။ ကျွန်တော်စဉ်းစားမိပါတယ်။ ဒီကျမ်းပိုဒ်နဲ့ပတ်သက်လို့ ကျွန်တော် ပြောခဲ့ဘူးသလား။ မပြောခဲ့ဘူးသလားဆိုတာကိုတော့ ကျွန်တော် မသိပါဘူး။ ဘရာသာချာလီ၊ ဟို. ကင်တာကီမှာတော့ တော်တော်လေးကြာသွားပါပြီ။ သူနဲ့အတူ ရှိနေတဲ့အခါမှာ သူက ဘာပြောသလဲဆိုတော့ ဘရာသာဗရမ်ဟမ် မိလေနီကာလမှာကျွန်တော်ရှဥ့်လိုက်ဖမ်းနိုင်မယ်လို့ ခင်ဗျားထင်သလား။ ကျွန်တော်ကလည်း မထင်ပါဘူး ချာလီလို့ပြန်ဖြေလိုက် ပါတယ်။ အဲဒီတော့ သူကပြောလိုက်တဲ့အခါမှာ အဲလိုဘဲ ကျွန်တော်တို့ ဒီလိုဘဲဖြစ်မှာပါ။ မိလေနီကာလကို ကျွန်တော်တို့ ရောက်မယ်လို့ ခင်ဗျားထင်သလားလို့ ပြန်မေးမိပါတယ်။ကျွန်တော်ကလည်း မိလေနီကာလမှာ အဲလိုသတ်ဖြတ်ခြင်းတွေ ဘာမှ မရှိတော့ဘူးလို့ ကျွန်တော်ပြောပါတယ်။ သူက ဘာပြောလဲဆိုတော့ အဲလိုဘဲ ကျွန်တော်တို့ ဖြစ်မယ်ဆိုတာကို ကျွန်တော်တို့သဘောကျပါတယ်လို့ ဆိုပါတယ်။ ကျွန်တော် ဘာပြောလဲဆို တော့ ချာလီ တချိန်တုန်းက ခင်ဗျားကဝက်တစ်ကောင်ဖြစ်ခဲ့မယ်ဆိုရင် ခင်ဗျားက ဝက်ဘဝကနေပြီးတော့ ပိုမိုမြင့်မားတဲ့ လူသားဘဝကိုချီးမြှောက်ခြင်း ခံရတယ်ဆိုရင် အဲလိုဝက်တွေ နှစ်သက်တဲ့အရာတွေကို ခင်ဗျားလို ချင်မလားလို့ကျွန်တော်မေးချင်တယ်လို့ ပြောတဲ့အခါမှာ သူက မလိုချင်တော့ဘူး။ ပြန်မသွားချင်တော့ဘူးလို့ဆို ပါတယ်။ ကျွန်တော်ကလည်း ဘာပြောလဲဆိုတော့ ခင်ဗျားက ဝက်ထက် အများကြီး မြင့်မားပါတယ်။သာလွန်ပါ တယ်။ ခင်ဗျားက လူသားဖြစ်ပါတယ်။. ခင်ဗျား ဘယ်တော့မှ ဝက်ပြန်ဖြစ်မှာ မဟုတ်ပါဘူး။ပြန်ဖြစ်ချင်မှာလည်း မဟုတ်ပါဘူး။ ပြန်ဖြစ်ချင်မှာလည်း မဟုတ်ပါဘူး။ တစ်သောင်းကို မြှောက်လိုက်ပါ။အဲလိုမြှောက်လိုက်ရင် ခင် ဗျားက အဲလိုအဆပေါင်းများစွာ ပြောင်းလဲသွားပြီ။ အဲဒီအချိန်မှာလည်းခင်ဗျားက အဲလိုဖြစ်နေမယ်။ ခင်ဗျားက ဘယ်လိုမှ လူသား ပြန်မဖြစ်ချင်ပါဘူး။ အဲဒါ အမှန်အကန်ပါဘဲ။ပြောင်းလဲသွားမှာဘဲ ဖြစ်ပါတယ်။ အဲလိုမျိုး ပြောင်းလဲသွားမယ်။ အတွေးအခေါ်တွေကအစ ပြောင်းလဲသွားမှာဖြစ်တဲ့အတွက် ကျွန်တော် အရမ်းဝမ်းမြောက် မိပါတယ်။ တစ်နေ့သောအချိန်မှာ ကျွန်တော်တို့အားလုံးဟာပိုမိုမြင့်မြင့်မားမား အပေါ်ကို တက်နိုင်မှာဘဲ ဖြစ်ပါ တယ်။

6 ၆။ ကိုယ်တော်ရှင်အလိုတော်နဲ့ညီရင် နောက်တနင်္ဂနွေနေ့မှာ ကျွန်တော် သွားစရာရှိပါတယ်။ ကျွန်တော့်ရဲ့ မိတ်ဆွေကောင်းတစ်ယောက်နဲ့အတူကျွန်တော်က ဂျီးမင်းကို သွားမှာ ဖြစ်ပါတယ်။ ဒါမှမဟုတ် အိုင်ဒန်ဟိုဘက် ကို သွားမှာဖြစ်ပါတယ်။ မိတ်ဆွေကောင်းတွေနဲ့ဘဲ သွားမှာ ဖြစ်ပါတယ်။ ဘရာသာမိုင်နယ်အာဂန်ဘရိုက်၊ ဘရာသာကလင်တန်စန်းမိုးအဲဒီ ခရစ်ယာန် စီးပွားရေးသမားတွေ ဖြစ်ပါတယ်။ သူတို့ လိုက်ကြမှာ ဖြစ်ပါတယ်။ နောက်အပါတ်အခုဆိုရင် (၇)ရက်နေ့ဖြစ်တယ်။ ကျွန်တော် (၇)ရက်နေ့မှာ ကျွန်တော် ဒါးလက်စ်ကို ရောက်မှာဖြစ်ပါတယ်။ တက်ကဆက်စ် ပြည်နယ်ဘဲ ဖြစ်ပါတယ်။ အဲဒီမှာ အနာရောဂါငြိမ်းခြင်း စည်းဝေးပွဲတက်ရောက် မှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ (၈)ရက်နေ့ညမှာ (၇)ရက်နေ့ညမှာ ကျွန်တော်စကားပြောရမှာဖြစ်ပါတယ်။ နောက်ပြီးတော့ ကျွန်တော် အိုင်ဒန်ဟိုကို ပြန်သွားရမှာ ဖြစ်ပါတယ်။ ဘရာသာအာဂန်ဘရိုက်နဲ့အတူအဲဒီ ခရစ်ယာန် စီးပွားရေးသမားတွေလည်း ပါမှာ ဖြစ်ပါတယ်။ မီနီယာပိုးလစ်စ်မှာ ကျွန်တော်မပြန်ခင် တညတော့ ရောက်မှာဖြစ်ပါတယ်။ နောက်ပြီးရင် ခရစ်ယာန် စီးပွားရေးသမားတွေရဲ့ မနက်စာစားပွဲသွားရမှာ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် အလိုတော်နဲ့ညီရင် နောက်တနေ့၊ နောက်တနင်္ဂနွေမနက်မှာကျွန်တော် ဒီဗိမာန်တော်၊ ဒီတဲ တော်ကို တစ်ဖန် ပြန်လည်ရောက်ရှိလိုပါတယ်။ အကယ်၍ ခွင့်ပြုမယ်ဆိုရင်ကိုယ်တော် အလိုတော်နဲ့ ညီတယ်ဆိုရင် ကျွန်တော် ပြောချင်တဲ့စကားကတော့ လေထဲမှာရှိတဲ့ လေပွေအကြောင်းဘဲဖြစ်ပါတယ်။ ကိုယ်တော်ရှင် အလိုတော်နဲ့ညီရင် ကျွန်တော် အဲဒီအကြောင်းကို ပြောချင်ပါတယ်။

7 ၇။ တပါတ်လုံးလုံးကျွန်တော့် စိတ်နှလုံးထဲမှာ ရှိနေပါတယ်။ ဟိုတစ်နေ့မနက်ကဆိုရင် တကယ်ဘဲ မနက်အစောကြီး(၄)နာရီလောက် ဖြစ်ပါတယ်။ ကျွန်တော် နိုးနေပြီးတော့ ဒီအတွေးရပါတယ်။ ကားတိုင်ပေါ်မှာထိုနေ့ ဖြစ်ပါတယ်။ ဒီမနက်မှာ ကျွန်တော် ဒီအကြောင်းကို ပြောချင်ပါတယ်။ ကားတိုင်ပေါ်မှာထိုနေ့၊ အခုအခါမှာ ကျွန်တော်တို့ သမ္မာကျမ်းစာကို ဖတ်ဘို့ရန်အတွက် ကျွန်တော်တို့ ကျမ်းစာတွေကိုဖွင့်ကြမှာ ဖြစ်ပါ တယ်။ (ရှင်မဿဲခရစ်ဝင်ကျမ်း ၂၇း ၂၇) ကနေစပြီးတော့ ကျွန်တော်တို့ ကျမ်းချက်ကိုဖတ်မှာ ဖြစ်ပါတယ်။ အဲဒီ ကျမ်းချက်ကို ဖတ်တဲ့အခါမှာ ကျွန်တော်တို့ နောက်ခံအကြောင်းကိုသိရမှ ဖြစ်ပါတယ်။ အဲဒီမှ ကျွန်တော်တို့ စည်းဝေးပွဲ စတင်နိုင်မှာ ဖြစ်ပါတယ်။ တရားဟောပြီးတဲ့နောက်မှာလူနာတွေအတွက် ကျွန်တော်တို့ ဆုတောင်း ပေးဘို့ အစီအစဉ်ရှိပါတယ်။

8 ၈။ ဒီနေရာမှာနောက်ဆုံးရောက်ခဲ့စဉ်ကတည်းက ကျွန်တော်က ကျွန်တော်ရဲ့ သာသနာပြုခြင်း ပုံစံအသစ် ကို ကျွန်တော်ဖော်ပြီးတော့ ပြန်လည်ဆောင်ယူလာပါတယ်။ ကျွန်တော့်မှာ ပိုပြီးတော့ သက်သေခံဘို့ရန်အ တွက်ရှိပါတယ်။ အဲဒီ စည်းဝေးပွဲကနေ သက်သေခံဘို့ရန်အတွက်ဘဲ ရှိတဲ့အတွက်ကြောင့် အချိန်ကြာရှည်စွာနဲ့ဘဲ ကျွန်တော့်မှာ ရှိနေပါတယ်။ ခင်ဗျားနဲ့ ပတ်သက်လို့ တစ်ခုခု ရှိပါတယ်။ ခင်ဗျားတို့ကနေပြီးတော့အဲဒီလူကို ဆက်သွယ်ရမှာ ဖြစ်ပါတယ်။ ဘယ်လောက်ဘဲ သဘာဝထက်လွှန်ကဲတဲ့အရာတွေ ဘယ်လောက်များများဘဲဖော်ပြနေပါစေ၊ သေချာကြည့်ပါ။ လူတစ်ဦးရဲ့ ယုံကြည်ခြင်းအပေါ်မှာ ဒီအနာရောဂါငြိမ်းခြင်းကမူတည်နေပါ တယ်။ ယုံကြည်သူတစ်ဦးမှာ ယုံကြည်ခြင်း ရှိတယ်ဆိုရင် သန့်ရှင်းသောဝိညာဉ်တော်ကပရိတ်သတ်အပေါ်မှာ သွားသကဲ့သို့ဘဲ သင်တွေ့မြင်ရမှာ ဖြစ်ပါတယ်။ နောက်ပြီး ဘာတွေဘာတွေဖြစ်မလဲဆိုတာကို ပြောမှာ ဖြစ်ပါတယ်။ သင်ကတော့ထိုသို့ ထိုသို့သောအမည်များ ရှိပါတယ်။သင်က ထိုနေရာကနေ လာပါတယ်။ သင်က နေပြီးတော့ တစ်ခုခုကို လုပ်ခဲ့ပါတယ်။ နောက်ပြီးတော့ဒီလိုပုံအတိုင်း ဖြစ်မယ်လို့ ဆိုထားပါတယ်။ ထိုနည်းအ တိုင်း ဖြစ်ပေါ်လာတယ်ဆိုတာကိုလည်းတွေ့ရပါတယ်။ တစ်ဦးတစ်ယောက်က အဲဒီမှာ ထိုင်နေပါတယ်။ အပေါ်ကိုကြည့်ပြီး

ပြောစရာရှိပါတယ်။အဲဒါကတော့ ဘုရားဖြစ်ရမှာ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ အနာရောဂါငြိမ်း ခြင်းကို ကျွန်တော်လက်ခံပါတယ်။ အဲဒီအစား လူပုဂ္ဂိုလ်တစ်ဦးဆီကနေ ဘာပြောလဲဆိုတော့ ကျွန်တော့်အပေါ် မှာ လက်ကိုတင်ပြီးတော့ဆုတောင်းပေးပါ။ အဲဒါမှ ကျွန်တော် အနာရောဂါငြိမ်းမှာ ဖြစ်တယ်လို့ ဆိုပါတယ်။

9 ၉။ အမေရိကန်နိုင်ငံမှာလည်းကျွန်တော်တို့ ဒီလိုနည်းအတိုင်းဘဲ သွန်သင်ခြင်းခံရပါတယ်။ ယုံကြည်ဘို့ဘဲ ဖြစ်ပါတယ်။အဲဒါက တစ်ကယ်ဘဲ ကျမ်းစာနဲ့ ကိုက်ညီပါတယ်။ အခုအခါမှာ ကျွန်တော်တို့ အာဖရိကနိုင်ငံမှာတွေ့ရတယ်။ နောက် တခြားနေရာတော်တော်များများမှာလည်း တွေ့ရပါတယ်။ အဲလိုမျိုးအရာ ဖြစ်ဖို့ရန်အတွက်ဖြစ်ပါတယ်။ ဒီပရိတ်သတ်အားလုံးကတော့ တချိန်တခါမှာ တစ်စုံတစ်ခုကို ရောက်ရှိသွားပါတယ်။နောက်ပြီး တော့ သူတို့က သူတို့ရဲ့ အနာရောဂါ ငြိမ်းခြင်းကို လက်ခံခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့သူတို့ကို ဘာမှ သွန် သင်ပေးခြင်း မရှိလို့ဘဲ ဖြစ်ပါတယ်။ သူတို့ကို အနာရောဂါ ငြိမ်းခြင်းအကြောင်းလည်းသွန်သင်မပေးပါဘူး။ သူတို့ အဲဒါကိုတွေ့မြင်တဲ့အခါမှာ သူတို့ သိတဲ့အရာကတော့ ဘုရားသခင်အဲဒီမှာရှိတယ်၊ အသက်ရှင်တော်မူ တယ်။ ကိုယ်တော်ရှင် အသက်ရှင်တယ်ဆိုရင် သူဟာ အလွန်ကြီးမြတ်တယ်။ကိုယ်တော်ရှင်က အနာရောဂါကို ငြိမ်းစေတယ်၊ အဲဒါတွေဘဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ အခြေခံကတော့ချမှတ်ထားပြီးသားဘဲ ဖြစ်ပါ တယ်။ အခြေခံကျောက်အုတ်မြစ်ဘဲ ဖြစ်ပါတယ်။ သူက အနာရောဂါငြိမ်းစေတယ်။လူတွေကို အနာရောဂါ ငြိမ်း စေပါတယ်။ ကိုယ်တော်ရှင် ရှိနေတယ်၊ သူ့ရဲ့အသင်းတော်အားဖြင့်အမှုပြုနေတယ်ဆိုရင် သူတို့ဘာပြောလဲဆို တော့ အဲဒါ ဖြေရှင်းသွားပြီး ဖြစ်ပါတယ်။ အဲဒါကကျွန်တော်တို့အားလုံး လိုအပ်တဲ့အရာဘဲ ဖြစ်တယ်လို့ ဆိုပါ တယ်။ ကျွန်တော်တို့ကို သွန်သင်ပေးတဲ့အရာမှာလူနာတွေအပေါ်မှာ လက်တင်ပေးပြီးတော့ ဆုတောင်းပေးဘို့ စသည်တို့ဘဲ ဖြစ်ပါတယ်။ အဲဒီအကြောင်းကြောင့်အမေရိကန်နိုင်ငံမှာ သိပ်တော့ မကောင်းပါဘူး။ အခု သတိ ထားရမဲ့အရာကတော့ နောက်တနေ့ တနင်္ဂနွေမနက်မှာကိုယ်တော်ရှင် အလိုတော်ရှိမယ်ဆိုရင် ဘရာသာနက် ဗီးလ်က အဲဒီအကြောင်းနဲ့ပတ်သက်လို့ ကြေငြာမှာဖြစ်ပါတယ်။ လေထဲမှာရှိတဲ့ လေဗွေဖြစ်ပါတယ်။

10 ၁၀။ အခုအခါမှာကျွန်တော် ခင်ဗျားတို့ကို (မဿဲ ၂၈ ်း၂၇)ကို ဖတ်ဖို့အတွက် တိုက်တွန်းပါတယ်။ ဖတ်တဲ့အ ခါမှာလည်းသေသေချာချာ နားထောင်ဘို့အတွက် ကျွန်တော် ပြောချင်ပါတယ်။ ထိုအခါ မြို့ဝန်မင်း၏ စစ်သူရဲတို့သည် ယေရှုကို အိမ်တော်ဦးသို့ ဆောင်သွား၍ စစ်သူရဲတတပ်လုံးကို စုရုံးစေပြီးမှ အလံတော်နှင့်အဝတ် တော်ကို ချွတ်ပြီးခရမ်းရောင် ဝတ်လုံကို ခြုံစေကြ၏။ ဆူးတွေနဲ့ယက်သော ဦးရစ်ကို ခေါင်းတော်၌တင်ကြ၏။ ကျူတလုံးကို လက်ျာလက်တော်နှင့် ကိုင်စေပြီးလျှင် ရှေ့တော်မှာ ဒူးထောက်လျက်ယုဒရှင်ဘုရင် သင်သည် ရှေ့တော်၌ မင်္ဂလာရှိစေသတည်းဟူ၍ ကိုယ်တော်ကို ပြက်ယယ်ပြုကြ၏။ ကိုယ်တော်ကိုတံတွေးနှင့်ထွေးကြ၏။ ကျူလုံးကိုယူ၍ ခေါင်းတော်ကို ရိုက်ကြ၏။ ထိုသို့ ကိုယ်တော်ကို ပျက်ယယ်ပြုသည်နောက်မင်းဝတ်လုံချွတ်၍ သူ့အဝတ်ကို ပြန်ဝတ်စေပြီးလျှင် လက်ဝါးကပ်တိုင်မှာ ရိုက်ထားခြင်းငှာထုတ်သွားကြ၏။ သွားကြစဉ်တွင် ရှိမုန် အမည်ရှိသော ကုရနေပြည်သားတစ်ယောက်ကိုတွေ့လျှင် အနိုင်ပြု၍လက်ဝါးကပ်တိုင်တော်ကို ထမ်းစေကြ၏။ ဦးခေါင်းခွံအရပ်ဟု ဆိုလိုသော ဂေါသဂေါသအမည်ဟုတွင်သောအရပ်သို့ရောက်သော် ဆေးခါးနှင့်ရောသော ပုန်းရည်ကို ကိုယ်တော်အား သောက်စိမ့်သောငှာ ပေးလျှင်မြည်းစမ်းတော်မူ၍ မသောက်ချင်ဘဲ နေလေ၏။ ကိုယ်တော်ကို လက်ဝါးကပ်တိုင်မှာ ရိုက်ထားပြီးလျှင်အဝတ်တော်ကို စာရေးတံချ၍ ခွဲဝေကြ၏။ ထိုအရပ်၌ လည်း ထိုင်လျှက်စောင့်နေကြ၏။ အပြစ်ဖေါ်ပြချက်ကဗြည်းလိပ်စာချက်ဟူမူကား ဤသူသည် ယုဒရှင်ဘုရင် ယေရှုပေတည်းဟု ရေး၍ခေါင်းပေါ်မှာ တပ်သတည်း။ထိုအခါ ကိုယ်တော်နှင့်တကွ ခါးပြနှစ်ယောက်တို့ကို လက်ျာတော်ဖက်၌ တစ်ယောက်၊ လက်ဝဲတော်ဖက်၌တစ်ယောက် လက်ဝါးကပ်တိုင်မှာ ရိုက်ထားကြ၏။ လမ်းမှာသွားလာသောသူတို့ကလည်း ဗိမာန်တော်ကိုဖြိုဖျက်၍ (၃)ရက်အတွင်းတွင် တည်ဆောက်ပြန်သောသူ ကိုယ်တော်ကို ကယ်တင်လော့။ ဘုရားသခင်၏သားတော်မှန်လျှင်လက်ဝါးကပ်တိုင်မှ ဆင်းလော့ဟု မိမိတို့ ခေါင်းကို ငြိမ့်၍ကဲ့ရဲ့သောစကားကို ပြောဆိုကြ၏။ထိုနည်းတူ၊ ယဇ်ပုရောဟိတ်အကြီး၊ ကျမ်းပြုဆရာ၊ လူအကြီးအကဲတို့က ဤသူသည် သူတပါးတို့ကိုကယ်တင်တတ်၏။ ကိုယ်ကို မကယ်တင်နိုင်ပါတကား။ ဣသရေလ ရှင်ဘုရင်မှန်လျှင် ယခု လက်ဝါးကပ်တိုင်မှဆင်းပါလေစေ၊ ဆင်းလျှင် ငါတို့ ယုံကြည်မည်။ သူသည် ဘုရားသခင်ကို ကိုးစားသည်။ ငါသည် ဘုရားသခင်၏သားဖြစ်၏ဟုဆိုပြီ။ သို့နှင့် ဘုရားသခင်သည် သူ၌အလို တော်ရှိလျှင် ယခုပင် ကယ်တင်တော်မူပါလေဟုပျက်ယယ်ပြု၍ ပြောဆိုကြ၏။ ထိုနည်းတူ ကိုယ်တော်နှင့်အတူ လက်ဝါးကပ်တိုင်မှာ ရိုက်ထားသောခါးပြတို့သည်လည်း ကဲ့ရဲ့ပြစ်တင်ကြ၏။ မွန်းတည့်အချိန်မှစ၍ (၃)ချက်တီး အချိန်တိုင်အောင်မြေတပြင်လုံး၌ မှောင်မိုက်အတိ ဖြစ်လေ၏။ (၃)ချက်တီးအချိန်၌ ယေရှုက ဧလိ၊ ဧလိ၊ လာမာရှာဗခသာနိဟုကြီးသောအသံနှင့် ကြွေးကြော်တော်မူ၏။ အနက်ကား အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား အဘယ်ကြောင့်အကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်းဟု ဆိုလိုသတည်း။ ထိုအရပ်၌ ရပ်နေသောသူအချို့တို့ သည်ကျမ်းပြုဆရာတို့ကကြားလျှင် သူသည် ဧလိယကို ခေါ်သည်ဟု ပြော၏။ လူတစ်ယောက်သည် ချက်ချင်းပြေး၍ ရေမှိုတံထွေးကို ပုံးရည်နှင့်ပြည့်စေပြီးလျှင် ကျူလုံးဖျား၌တပ်၍ ကိုယ်တော်ကိုသောက်စိမ့်သောငှာ ပေးလေ၏။ ကြွင်းသောသူတို့က ရှိစေလော့။ ဧလိယသည် သူ့ကို ကယ်တင်ခြင်းငှာလာမည်မလာမည်ကို ကြည့်ကြကုန်အံ့ဟု ဆို၏။ ယေရှုသည် ကြီးသောအသံနှင့် တဖန် ကြွေးကြော်တော်မူပြီးလျှင်အသက်တော်ကို လွတ်တော်မူ၏။ ထိုအခါ ဗိမာန်တော်၏ ကန့်လန့်ကာသည် အထက်စွန်းမှ အောက်စွန်းတိုင်အောင်စုတ်ကွဲလေ ၏။ မြေတပြင်လုံး၌ မြေကြီးလှုပ်လေ၏။ ကျောက်များတို့သည် ကွဲကြ၏။ သင်္ချိုင်းတွင်းတို့သည်ပွင့်လှစ်သဖြင့် ကျိန်းစက်လျှက်ရှိသော သန့်ရှင်းသူတို့၏ အလောင်းများစွာတို့သည် ထကြ၍ကိုယ်တော်ပြန်ရှင်တော်မူသည် နောက် သူတို့သည် သင်္ချိုင်းတွင်းထဲမှ ထွက်၍ သန့်ရှင်းသောမြို့ထဲသို့ဝင်ပြီးလျှင်လူများစွာတို့အားထင်ရှားကြ ၏။ ယေရှုကို စောင့်သော တပ်မှူးမှစ၍ စစ်သူရဲ အများတို့သည်မြေကြီးလှုပ်ခြင်းမှ စသည်တို့ကို မြင်လျှင်အ လွန်ထိတ်လန့်၍ ဤသူသည် ဘုရားသခင်၏သားတော်မှန်ပေ၏ဟုဆိုကြ၏။

11 ၁၁။ ကိုယ်တော်ရှင်ကျွန်တော်တို့ ကိုယ်တော်ရှင်ထံကို ယခုအခါမှာ ခေါင်းငုံ့ပြီး ဆုတောင်းကြပါစို့။ ကိုယ်တော်၊ ကျွန်တော်တို့ဟာ ကိုယ်တော်ဟာ ဘုရားသခင်ဖြစ်တယ်ဆိုတာကို သိပါတယ်။ ဒီသန့်ရှင်းတဲ့သမ္မာကျမ်း စာကို ဖတ်ပြီးတဲ့နောက် ကိုယ်တော်ရှင်ဟာ သဘာဝကြီးကို ပြောင်းလဲစေနိုင်တဲ့ဘုရားဖြစ်တယ်ဆိုတာ ကျွန် တော်တို့ တွေ့မြင်ကြရပါတယ်။ ကိုယ်တော်ဟာ ထာဝရဘုရား ဖြစ်ပါတယ်။

သခင်ယေရှုကလည်း ဘယ်လိုအကူ အညီမျိုးကိုမဆို ပေးနိုင်တယ်။ သို့သော်လည်း ကိုယ်တော်ရှင်ဟာဒီကောက်ကျစ်စဉ်းလဲတဲ့ လူယုတ်မာတွေရဲ့ လက်ထဲကနေပြီးတော့ သူဟာဆင်းရဲဒုက္ခကို ခံတယ်။ သူ့ကိုလှောင်ပြောင်ခြင်း၊ ကားတိုင်မှာ ချိတ်ဆွဲခြင်း၊ သွေးထွက်ခြင်း၊ အသေခံခြင်း၊ အစိတ်စိတ်အမွှာမွှာဆုတ်ဖြဲရိုက်နှက်ခြင်း၊ တံတွေးထွေးခြင်းတွေကို ခံတယ်ဆို တာကို တွေ့ရပါတယ်။ ဘယ်သူကမှသူ့ကို မကူညီဘူးဆိုတာကိုလည်း တွေ့ရပါတယ်။ နောက်ဆုံး သူကိုယ်တိုင် ကြွေးကြော်တဲ့အရာကတော့အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား အကျွန်ုပ်ဘုရား၊ အကျွန်ုပ်ဘုရား အဘယ်ကြောင့် အကျွန်ုပ်ကိုစွန့်ပစ်တော်မူသနည်းဟု ဆိုပြီးတော့ ဟစ်ကြွေးတာကို တွေ့ရပါတယ်။ ကိုယ်တော်ရှင်ရဲ့ လှုပ်ရှားမှုကတော့ ဘယ်သူမှ မလှုပ်ရှားနိုင်တဲ့ လှုပ်ရှားမှုဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ကို သိဘို့ရန်အတွက်ကျွန်ုပ်ကို ပေးအပ်ခြင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့မှာ ဖြတ်သွားဘို့ရန်အတွက် မြစ်ဘာမှမရှိဘူးဆိုရင် ဒါမှမဟုတ် ကျွန်တော်တို့ကိုယ်တိုင် ဖြတ်သန်းကျော်ဖြတ်သွားရမဲ့ တောင်တွေမရှိဘူးဆိုရင် ဘုရားသခင်က အခြားသူတွေ မလုပ်နိုင်တဲ့အရာတွေကို ကိုယ်တော်ရှင်က အထူးလုပ်ဆောင်နိုင်ပါတယ်။ကိုယ်တော်ရှင်က အလုပ်အပေါ်မှာ အထူးကျွမ်းကျင်သူ ဖြစ်ပါတယ်။ ကိုယ်တော်ရှင် သိတဲ့အကြောင်းရင်းကတော့အဲဒီနေ့ရက်ကာလမှာ ကားတိုင် ပေါ်မှာ ထိုနေ့ရက်ကာလအကြောင်းကိုဘဲ ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဘုရားဖြစ်တော်မူတဲ့အတွက် အကန့်အ သတ်မရှိ ဘုရားဖြစ်တဲ့အတွက် ဒီအချိန်နာရီ ရောက်လာမယ်ဆိုတာကိုသိပြီးသား ဖြစ်ပါတယ်။ အဲဒီအချိန် ရောက်တဲ့အခါမှာ ကိုယ်တော်ရှင် ဘုရားဖြစ်တယ်ဆိုတာကိုကိုယ်တော် ပြသတော်မူပါ။ ဘယ်သူဟာ အလုပ်ရှင်ဖြစ်တယ်ဆိုတာကို ကိုယ်တော်ရှင် ပြသတော်မူပါ။

12 ၁၂။ ကိုယ်တော်ရှင်ဟာကမ္ဘာမြေကြီးကို တုန်လှုပ်အောင် ကိုင်လှုပ်နိုင်ပါတယ်။ အဲလိုကိုင်လှုပ်တဲ့အခါမှာ မြေကြီးထဲမှာအိပ်ပျော်နေတဲ့ သူတော်စင်တွေ ထွက်လာပါတယ်။ နေကိုလည်း ညဖက်အချိန်မှာ မှောင်မိုက်စေ ပါတယ်။ညဖက်မှောင်မိုက်ကဲ့သို့ဖြစ်ပါတယ်။ ကိုယ်တော်ရှင်ဟာ ဘုရားဖြစ်တယ်ဆိုတာကို ပြသပါတယ်။ဒါပေမဲ့လည်း ကိုယ်တော်ရှင် အခုတိတ်ဆိတ်နေပြီဆိုတာ ကြာလှပြီ ဖြစ်ပါတယ်။ ဒီအချိန်ကနေပြီးတော့ကျွန် တော်တို့ ဒီနိဂုံးချုပ်ဘို့ရန်အတွက် ကျွန်တော်တို့ သန့်ရှင်းသောဝိညာဉ်တော်နဲ့လျှောက်နေသမျှ ကာလပတ်လုံး ဘုရားသခင်က ကျွန်တော်တို့လက်ကို ဆွဲကိုင်ပြီးသွားနေတဲ့ကာလပတ်လုံးဘာဘဲမှားယွင်းပါစေ၊ ကျွန်တော်တို့ ဟာ ကားတိုင်ကို ရင်ဆိုင်ရမှာဖြစ်ပါတယ်။ ဘုရားသခင်ကမှန်ကန်တဲ့အချိန်မှာ မှန်ကန်တဲ့နာရီမှာ စကားပြော မှာ ဖြစ်ပါတယ်။ အခုအခါမှာ ခမည်းတော်ဘုရားသခင်ကျွန်တော်တို့အပြစ်များအတွက် ကျွန်တော်တို့ကို ခွင့် လွှတ်ဖို့တောင်းပန်ပါတယ်။ ကိုယ်တော်ရှင်ရဲ့ဝိညာဉ်တော် ကျွန်တော်တို့ကို လမ်းပြဖို့ ကျွန်တော်တို့ ဆုတောင်း ပါတယ်။ သိုးသူငယ်ကိုဂျိုးငှက်က လမ်းပြသကဲ့သို့ ကျွန်တော်တို့ကို လမ်းပြတော်မူပါ။ ဘာဘဲဖြစ်ဖြစ် ကျွန် တော်တို့အပေါ်မှာသက်ရောက်ပါစေ။ ကျွန်တော်တို့ နာခံမှုရှိနိုင်ဘို့ ကိုယ်တော်ရှင် မစတော်မူပါ။ ဒါကိုသိပြီးတော့ ဘုရားသခင်က အရာခပ်သိမ်းအားလုံးကို အကောင်းဆုံးဖြစ်အောင် လုပ်တယ်ဆိုတာကို သိပြီးတော့အားလုံးကောင်းမွန်ဖို့ရန်အတွက် မစတော်မူပါ။ ဒီဝတ်ပြုကိုးကွယ်မှုမှာ ကိုယ်တော်ရှင် ကျွန်တော်တို့နဲ့အတူပါရှိ တော်မူပါ။ ကယ်တင်ခြင်းရရန်အတွက် ရှိနေတဲ့သူတွေကို ကယ်တင်တော်မူပါ။ ကယ်တင်ခြင်းကိုရှာဖွေနေတဲ့ သူတွေအတွက်လည်း ကယ်တင်တော်မူပါ။ ထာဝရအသက်နဲ့ ပြည့်ပြီးတော့ ထာဝရအသက်နဲ့ပြည့်စေပါ။ ကျွန် တော်တို့ ဆုတောင်းပါတယ်။ အနာရောဂါဝေဒနာ ခံစားရတဲ့သူတွေကို အနာရောဂါငြိမ်းစေပါ။ အနာရောဂါငြိမ်း စေဘို့အတွက် ရှာဖွေနေသူတွေကိုလည်း အနာရောဂါ ငြိမ်းစေပါ။ ကိုယ်တော်ရှင်ကိုကျွန်တော်တို့ ကျေးဇူးတော်ချီးမွမ်းပါတယ်။ သခင်ယေရှု ကိုယ်တော်ရှင်ရဲ့သားတော် ကယ်တင်ပိုင်ရှင်သခင်ယေရှု နာမတော်မြတ်၌ ဆု တောင်းပါတယ်။ အာမင်။

13 ၁၃။ ယနေ့မနက်ပြောဆိုရသည့်အခါမှာ သင်စိတ်ဝင်စားဘို့ရန်အတွက် သင့်အား ကျွန်ုပ်တို့က ခေါ်ဆိုရန် ဆန္ဒရှိပါတယ်။နောက်ပြီးတော့ ကျွန်တော်ရွေးချယ်ထားတဲ့အကြောင်းအရာကိုလည်း ပြောပြချင်ပါတယ်။ ကား တိုင်ပေါ်မှာထိုနေ့တစ်နေ့ဆိုတဲ့ ခေါင်းစဉ်ဘဲ ဖြစ်ပါတယ်။ ဒီအကြောင်း ပြောဘို့ရန်အတွက်ကတော့ ဒီအချိန်မှာမသင့်တော်ပေမဲ့လည်း ပြောရမှာဘဲ ဖြစ်ပါတယ်။ ဒီအကြာင်းကိုတော့ သောကြာကြီးနေ့လို နေ့မျိုးမှာဘဲပြော သင့်ပါတယ်။ ကားတိုင်ကတော့ နေ့စဉ်နဲ့အမျှ သတိယရမဲ့အရာဘဲ ဖြစ်ပါတယ်။ ကားတိုင်အကြောင်းကိုကျွန် တော်တို့ ကြားသိခဲ့ရပြီးဖြစ်ပါတယ်။ အဲဒီအကြောင်းကိုလည်း ကျွန်တော်တို့ ဖတ်ရှုခဲ့ရပြီးဖြစ်ပါတယ်။ တရား ဟောဆရာတွေကလည်း ထိုအကြောင်းအရာတွေကို ဟိုဒ◌ီးအစအဦးကတည်းကဘဲ ဟောပြောခဲ့ပါတယ်။သီ ချင်းသည်တွေကလည်း ခေတ်အဆက်ဆက် ထိုအကြောင်းအရာတွေကို သီချင်း သီဆိုခဲ့ပါတယ်။ ပရောဖက်တွေကလည်း လွန်ခဲ့တဲ့ နှစ်ပေါင်း(၄၀၀၀)လောက်ကတည်းကိုက ဒီအကြောင်းအရာတွေကို ကြိုတင်ပြောပြခဲ့ပါတယ်။ မဖြစ်ပျက်မီ ကြိုတင်ပြောပြခဲ့ပါတယ်။ ဒီနေ့ရက်ကာလရဲ့ ပရောဖက်များကလည်း အဲလို ဒီလိုဖြစ်ပျက်ခဲ့တယ်ဆိုတာကို ပြန်ပြီးတော့ နောက်ကြောင်းပြန်ပြီး ညွှန်ပြဟောကြားခဲ့ပါတယ်။ အဲဒီနေ့ရက်ကအင်မတန် အ ရေးကြီးတဲ့ နေ့ရက်ဖြစ်ပါတယ်။ သခင်ယေရှုခရစ် ဒီကမ္ဘာလောကကြီးမှာ အသက်ရှင်နေတဲ့အချိန်မှာတောက် လျှောက် အရ◌ေးကြီးဆုံးအချိန်ဘဲ ဖြစ်ပါတယ်။ လူသားတွေအတွက် အင်မတန် အရေးကြီးတဲ့အချိန်ဖြစ်တယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ကားတိုင်နဲ့ပတ်သက်လို့ အဲဒီအကြောင်းအရာတွေကို နောက်ပြန်သွားပြီးတော့စစ် ဆေးဘို့ရန် အင်မတန် အရေးကြီးပါတယ်။ ကျွန်တော်တို့အတွက် ဘာအဓိပ္ပါယ်ရှိသလဲဆိုတာကြည့်ရမှာဖြစ်ပါ တယ်။ ဒီနောက်ကျနေတဲ့အချိန်နဲ့ပတ်သက်လို့ ကျွန်တော်တို့ အသက်ရှင်နေတဲ့ခေတ်ကာလမှာ ကျွန်တော်တို့ သေချာတဲ့အရာကတော့ ဘုရားသခင်ရဲ့ အလွန်အရေးကြီးတဲ့အရာကို ကျွန်တော်တို့ကရှာဖွေနေခြင်းဘဲ ဖြစ်ပါ တယ်။ ကျွန်တော်တို့ သိရမှာဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရှာဖွေရမှာဘဲဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သက်လို့ လည်း ကျွန်တော်တို့ သင်ယူရမှာဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အတွက်ကြည့်ရှုဘို့ရန်အတွက် ဘုရားသခင်က ကျွန်တော်တို့အတွက် လုပ်ဆောင်ခဲ့ပါတယ်။ နောက်ပြီးတော့ကျွန်တော်တို့အတွက် ဘာလုပ်ရမလဲဆိုတာကို ကိုယ်တော်ရှင်နဲ့ ဂတိပေးခဲ့ပါတယ်။ အဲဒီအတွက်ကြောင့်ကျွန်တော်တို့ဟာ ဘုရားကျောင်းကိုရောက်လာကြ ခြင်းဖြစ်ပါတယ်။

14 ၁၄။ အဲဒီအတွက်ကြောင့်မို့လို့တရားဟောဆရာက တရားဟောခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါကြောင့်မို့လို့ သူကလေ့လာသင်ကြားပြီးတော့သမ္မာကျမ်းစာကို အာရုံပြုပါတယ်။ ဝိညာဉ်ရေးရာအရ မှတ်သွင်းခြင်းခံရဘို့အ တွက်လည်း ရှာဖွေပါတယ်။ ဘာကြောင့်လဲဆိုတော့ သူက ဘုရားသခင်ရဲ့လူတွေအတွက် အများအတွက် အစေခံတဲ့ လူတွေအတွက်ကြောင့်ဘဲဖြစ်ပါတယ်။ ဘုရားသခင်က သူ့လူတွေကို ဘာပြောလဲဆိုတာ သူက ကြိုးစားပြီးတော့ ရှာဖွေရမှာဖြစ်ပါတယ်။ သူတို့ ဘာဖြစ်မလဲဆိုတာ သူကပြောပြမှာ ဖြစ်ပါတယ်။

သူတို့ရဲ့အပြစ် တွေထဲမှာသူတို့ကို တရားစီရင်ကောင်း စီရင်မှာ ဖြစ်ပါတယ်။ သူတို့ကို ချီးမြှောက်ဘို့ရန်အတွက်အထောက်အ ကူ ကူညီမှာဘဲ ဖြစ်ပါတယ်။ သူတို့ရဲ့အပြစ်တွေအားလုံးကိုလည်း သူတို့က ခွင့်လွှတ်မှာဖြစ်ပါတယ်။ နောက်ပြီး တော့ ကိုယ်တော်ရှင်ကို အစေခံဘို့ရန်အတွက် ချီးမြှင့်ရမှာ ဖြစ်ပါတယ်။အမှုတော်ဆောင်တွေကလည်း အဲဒီအ ရာတွေကို ရှာဖွေရမှာ ဖြစ်ပါတယ်။

15 ၁၅။ ဒီနေ့ရက်ကအင်မတန် အရေးကြီးတယ်ဆိုရင် အကြီးမြတ်ဆုံးသောနေ့မှာ တနေ့ဖြစ်ခဲ့တယ်ဆိုရင် ကျွန်တော်တို့မတူညီတဲ့ အကြောင်းအရာ(၃)ခုကို ဖေါ်ထုတ်ပြီးတော့ ဒီနေ့ဒီရက်က ကျွန်တော်တို့အတွက် ဘယ်လိုအဓိပ္ပါယ်ရှိသလဲဆိုတာကို ကြည့်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရာပေါင်းများစွာ အချက်တွေကိုထုတ်နိုင်ပါတယ်။ ဒါပေမဲ့လည်း ဒီနေ့မနက် ကျွန်တော် အချက်(၃)ချက်ဘဲ ထုတ်မှာ ဖြစ်ပါတယ်။ မကြာမီအ တွင်းမှာဘဲ ကျွန်တော်တို့ ဒီအချက် (၃)ချက်ကို ကြည့်မှာ ဖြစ်ပါတယ်။ ကားတိုင်ဟာကျွန်တော်တို့အတွက် ဘယ်လိုအဓိပ္ပါယ်ရှိသလဲဆိုတဲ့ အချက်ဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ကျွန်တော်က ဆုတောင်းတဲ့အခါမှာ အခုရှိနေတဲ့ အပြစ်သားတိုင်းကို ဘယ်လိုမျိုးတရားစီရင်မလဲဆိုတဲ့အကြောင်းကို ကျွန်တော် ဆုတောင်းမှာ ဖြစ်ပါတယ်။ နောက်ပြီးတော့ သူတော်စင်တိုင်းဟာ သူတို့ဒူးထောက်ပြီးတော့ သွားနိုင်ဘို့အတွက်ဘဲ ဖြစ်ပါ တယ်။ နောက်ပြီးတော့ ဖျားနာသူတိုင်းလည်းဘုရားသခင်ကို သူတို့ရဲ့ယုံကြည်ခြင်းကို မြှင့်တင်ဘို့ရန်အတွက်ဘဲ ဖြစ်ပါတယ်။ နောက်ပြီးတော့ဆက်လက်ပြီးတော့ အနာရောဂါငြိမ်းသွားပြီးတော့ ဆက်လက်လျှောက်လှမ်းဘို့ရန် အတွက်ဘဲ ဖြစ်ပါတယ်။အပြစ်သားတိုင်း အားလုံး ကယ်တင်ခြင်းရရှိဘို့ရန်အတွက်ဘဲ ဖြစ်ပါတယ်။ နောက် ဆုတ်သွားတဲ့လူတိုင်းရဲ့ ပြန်လာဘို့အတွက်ဘဲ ဖြစ်ပါတယ်။ သူတို့ကိုယ်သူတို့ ရှက်ပြီးတော့ တိတ်ဆိတ်နေတဲ့သူတော်စင်တွေ ရွှင်လန်းဝမ်းမြောက်ပြီး မျှော်လင့်ချက်အသစ်နဲ့ အသက်ရှင်ဘို့ မျှော်လင့်ချက်အသစ်ကို ဆောင်ယူဘို့အတွက်ဘဲ ဖြစ်ပါတယ်။

16 ၁၆။ အရေးကြီးတဲ့ကားတိုင်နဲ့ပတ်သက်တဲ့ အရေးကြီးတဲ့အရာ အခု ကျွန်တော်တို့အတွက် အဓိပ္ပါယ်ရှိတဲ့အ ရာတစ်ခုကတော့ဒီလောကကြီးက ဒီအပြစ်နဲ့ပတ်သက်တဲ့ မေးခွန်းကို ဖြေရှင်းဘို့ ကျွန်တော်တို့အားလုံးအတွက်တခါတည်း ဖြေရှင်းသွားဘို့အတွက်ဘဲ ဖြစ်ပါတယ်။ လူသားတွေနဲ့ တွေ့တဲ့အခါမှာ အပြစ်ရှိတယ်ဆိုတာကိုကျွန်တော်တို့ တွေ့ရပါတယ်။ အပြစ်ကလည်း ဘယ်လိုလူစားမျိုးကမှ ပေးဆပ်နိုင်မှာမဟုတ်တဲ့ပယ်နယ်လ်ဒီဘဲ ဖြစ်ပါတယ်။ ဒီ ပယ်နယ်လ်ဒီရဲ့ အင်မတန် ကြီးမားတဲ့အတွက် ဘယ်သူမှ မရှိတော့ပါဘူး။ဒီ ပယ်နယ်လ်ဒီကို ပေးဆပ်နိုင်တဲ့ အရာ ဘယ်သူမှ မရှိပါဘူး။ ကျွန်တော် တစ်ကယ်ဘဲ ဘုရားသခင်ကိုယုံကြည်တယ်။ ဘုရား သခင်ကလည်း အဲဒီနည်းလမ်းအားဖြင့် ဘိသိတ်ပေးနိုင်တယ်ဆိုတာ ကျွန်တော်တစ်ကယ်ဘဲ ယုံကြည်ပါတယ်။ အဲလို ပယ်နယ်လ်ဒီကတော့ အင်မတန် ကြီးမြတ်တယ်။ လူတိုင်းလည်း ဘယ်သူမှလည်းပေးဆပ်နိုင်မှာ မဟုတ် ဘူး။ ဒါကြောင့်မိုပလို့ ဘုရားသခင်ကိုယ်တော်တိုင်ဘဲ ပေးဆပ်ရပါတယ်။ဒီအပြစ်ရဲ့အဖိုအခကတော့ သေခြင်း တရားဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ အပြစ်နဲ့မွေးဖွားလာပါတယ်။ မကောင်းမှု ဒုစရိုက်နဲ့ ပုံဖေါ်လာ ကြပါတယ်။ ဒီကမ္ဘာလောကကြီးကို ကြွလာပြီးတော့ လိမ်ညာလှည့်ဖျားသူတွေကိုပြောဆိုရမှာ ဖြစ်ပါတယ်။ ဒါ ကြောင့်မို့လို့ ကျွန်တော်တို့ထဲမှာ ထိုက်တန်တဲ့သူ တစ်ယောက်မှမရှိပါဘူး။ ဒီကမ္ဘာလောကကြီးထဲမှာ ကျွန် တော်တို့ ထိုက်တန်တဲ့သူကို ရှာတွေ့မှာ မဟုတ်တော့ပါဘူး။

17 ၁၇။ အဲဒီအပြစ်ကဒီကမ္ဘာလောကကြီးပေါ်မှာ မစတင်ပါဘူး။ ကောင်းကင်နိုင်ငံမှာဘဲ စတင်မှာ ဖြစ်ပါတယ်။ လူစီဖာဆိုတဲ့နတ်ဆိုးကတော့ သူ့ရဲ့ မနာခံမှုကြောင့် အပြစ်စီရင်ခြင်းခံရတဲ့ သတ္တဝါတစ်ကောင် ဖြစ်ပြီးတော့သူဒီကမ္ဘာမြေကြီးပေါ်ကို ကျဆင်းခဲ့ရပါတယ်။ အပြစ်က ကောင်းကင်ကနေ စတင်ပါတယ်။ အဲဒီမှာဘုရားသခင် က ကောင်းကင်တမန်တွေကိုထားတယ်။ လူသားတွေကို သူထားသလိုဘဲ ကောင်းကင်တမန်တွေကိုကူညီတဲ့ အတိုင်းဘဲ ထားပါတယ်။ အသိပညာဘဲ ဖြစ်ပါတယ်။ အသိပညာတည်းဟူသော အပင်ဘဲဖြစ်ပါတယ်။အသက် ပင် အသိပညာအပင်ဘဲ ဖြစ်ပါတယ်။ ဘုရားသခင်က သူတို့ရွေးချယ်နိုင်ပါတယ်။ သူတို့ဖာသာသူတို့ ဘုရား သခင်က လူတွေကို သူတို့ဖာသာသူတို့ ရွေးထားပါတယ်။လူစီဖာကိုလည်း သူ့ဟာနဲ့သူ ကြိုတင်ပြီးတော့ရွေး ချယ်ပိုင်ခွင့်ပေးထားပါတယ်။ ဘုရားသခင်မှာရှိတာထက်သူက ပိုကောင်းတာကို လိုချင်ပါတယ်။ အဲဒါကတော့ ပြဿနာကို စတင်ခြင်းဘဲ ဖြစ်ပါတယ်။

18 ၁၈။ အပြစ်အတွက်လိုအပ်ချက်ရှိပါတယ်။ အဲဒီ အပြစ်အတွက် အဖိုးအခ လိုအပ်ချက်ကတော့ သေခြင်း တရားဘဲ ဖြစ်ပါတယ်။ လိုအပ်ချက်ကတော့ ပယ်နယ်လ်ဒီဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီအကြာင်းအရာနဲ့ ပတ်သက်လို့သေသေချာချာ လေ့လာဘို့ဘဲ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်က သေခြင်းတရား တစ်ခုတည်းဘဲရှိတယ်ဆိုတာကိုမယုံကြည်ပါဘူး။အသက်တာကတော့ တစ်ခုတည်းဘဲ ရှိပါတယ်။ လူသားတွေ မှာ ထာဝရအသက် ဘယ်တော့မှ မသေဆုံးနိုင်တဲ့အသက်ရှိပါတယ်။ နောက်ပြီးတော့ လုံးဝအပြစ်ကြောင့်မို့လို့ လုံးဝအသက်ဆုံးရှုံးသွားရတဲ့ ဝိညာဉ်ရှိတယ်ဆိုတာကိုလည်းကျွန်တော် ယုံကြည်ပါတယ်။ ဘာကြောင့်လဲဆို တော့ သမ္မာကျမ်းစာဆိုထားပါတယ်။ အပြစ်ပြုလုပ်တဲ့ဝိညာဉ်ဟာ အမှန်အကန်ဘဲ သေဆုံးရမှာ ဖြစ်ပါတယ်။ လူမဟုတ်ပါဘူး။ အပြစ်လုပ်တဲ့ ဝိညာဉ်ဘဲ ဖြစ်ပါတယ်။ဒါကြောင့်မို့လို့ စာတန်က အမှန်တကယ်ဘဲ သေဆုံးရ မှာ ဖြစ်ပါတယ်။ လုံးဝဥဿုံ အရှင်းအလင်းဖျက်ဆီးခြင်းကို ခံရမှာ ဖြစ်ပါတယ်။ ယူနီဗာဆယ်လစ်တွေ ပြုလုပ်တဲ့ အကြောင်းအရာနဲ့ ပတ်သက်လို့ကျွန်တော်တော့ လက်မခံနိုင်ပါဘူး။ စာတန်က ကယ်တင်ခြင်း ရမယ်လို့ ပြောထားပါတယ်။ စာတန်ကအပြစ်လုပ်ပါတယ်။ သူက အပြစ်ကို ပထမဆုံးမူရင်းရဲ့ လုပ်ကိုင်သူဘဲ ဖြစ်ပါတယ်။ အပြစ်ရဲ့ဇစ်မြစ်ဘဲ ဖြစ်ပါတယ်။ သူ့ရဲ့ဝိညာဉ်က အပြစ်လုပ်ပါတယ်။ အဲဒီ ဝိညာဉ်က လုံးဝဖျက် ဆီးခြင်းကိုခံရပြီးတော့ ဘာမှ မကျန်အောင်ကို ဖြစ်ရမှာဘဲ ဖြစ်ပါတယ်။

19 ၁၉။ အပြစ်ဟာဒီကမ္ဘာလောကကြီးကို ထိခိုက်လာတဲ့အချိန်ကတော့ ဟိုးအစ အဦးအစကဘဲ ဖြစ်ပြီးတော့ ဒီကောင်းကင်ဘုံကနေပြီးတော့မဲမှောင်နေပြီးတော့ အစိုင်အခဲတွေ ကျလာနေသကဲ့သို့ဘဲ ဖြစ်ပါတယ်။ ကမ္ဘာ လောကကြီးကို လုံးဝမသန့်မစွမ်းသောအခြေအနေသို့ ရောက်သွားစေပါတယ်။ လူသတ္တဝါ အားလုံးကိုလည်း ဒီကမ္ဘာလောကကြီးပေါ်ကို ကျဆင်းသွားအောင်လုပ်ပါတယ်။ ဘုရားသခင် ဖန်ဆင်းသမျှ အရာတွေအားလုံးကို လည်း ချုပ်နှောင်လိုက်ပါတယ်။ လူဟာသေခြင်းတရားရဲ့ချုပ်နှောင်ခြင်းအောက်ကိုရောက်သွားရပါတယ်။ အနာ ရောဂါခံစားရခြင်းတွေ

ဒုက္ခဆင်းရဲခြင်းတွေစာတန်လက်အောက်ကို ရောက်သွားပါတယ်။ ကမ္ဘာလောကကြီး တစ်ခုလုံးလည်း ၎င်းတဲ့အတူကျဆုံးခဲ့ပါတယ်။ အပြစ်ကတော့ ကမ္ဘာလောကကြီးကို လုံးဝမသန့်မစွမ်းဖြစ် သွား စေတဲ့ မေ့ဆေးတစ်မျိုးဘဲ ဖြစ်ပါတယ်။ကျွန်တော်တို့ဟာ အဲဒီနေရာမှာ ထိုင်ပြီးတော့ မျှော်လင့်ချက် ကင်းမဲ့ စွာနဲ့ ရှိပါတယ်။ဘာကြောင့်လဲ။ သတ္တဝါတိုင်းအပေါ်မှာ ဒီသတ္တဝါတိုင်းအပေါ်မှာ ရှိနေတဲ့အပြစ်က သက်ရောက်ပါတယ်။ ကမ္ဘာမြေကြီးပေါ်မှာ ဖြစ်တည်လာတဲ့လူတန်းစား အပြစ်နဲ့သက်ဆိုင်နေပါတယ်။ ဒါကြောင့်မို့လို့တစ်နေ ရာရာကနေ ရောက်လာရမှာ ဖြစ်ပြီးတော့ အပြစ်မရှိတဲ့နေရာကနေ ရောက်လာရမှာ ဖြစ်ပါတယ်။ကမ္ဘာလောက ကြီးပေါ်ကနေ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ကျွန်တော်တို့ထဲက တစ်ယောက်က အခြားတစ်ယောက်ကိုမကယ် တင်နိုင်ပါဘူး။ အခြားနေရာက လာတဲ့သူကဘဲ ကယ်တင်နိုင်မှာ ဖြစ်ပါတယ်။ လူတွေဟာ ဘုရားသခင်ထံကနေပြီးတော့ သူဟာ ခွဲခြားခံရတယ်။ တခြားစီဖြစ်အောင် လုပ်ထားခြင်းခံရတာကို သိရတဲ့အခါမှာအမှည့်လွန် သွားတဲ့ သူတစ်ယောက်ဘဲ ဖြစ်ပါတယ်။ သူက သူတို့က ငိုကြွေးပါတယ်။ သူတို့ ငြီးတွားပါတယ်။သူတို့ အဲလိုဘဲ လျှောက်သွားပြီးတော့ သောင်ပြင်ကို လျှောက်သွားပြီးတော့ လျှောက်သွားနေပါတယ်။သဲကန္တာရကိုလည်း ပတ်ပြီး သွားနေပါတယ်။ မြို့တော်ကို တည်ဆောက်တဲ့သူကိုလည်း ရှာဖွေပါတယ်။သူတို့က ဒီမြို့တော်ကိုတည် ဆောက်တဲ့ ဘုရားသခင် ဖန်ဆင်းတဲ့အရှင်ကို ရှာဖွေနေပါတယ်။ သူတို့ဘယ်လိုသိထားရမလဲဆိုတော့ ဘုရား သခင်ရှေ့တော်မှောက်ကနေပြီးတော့ ပြန်ပြီးတော့ ရောက်ဘို့ရန်အတွက်သူတို့ ပြန်သွားရမယ်ဆိုတာ သူတို့သိ ပါတယ်။ ကိုယ်တော်ရှင်ကို သူတို့ ပြန်ပြီးတော့ ပြောပြရမှာဖြစ်ပါတယ်။ ဒါပေမဲ့လည်း ပြန်သွားရမဲ့ နည်းလမ်းကို သူတို့ ရှာမတွေ့ပါဘူး။ သူက ပျောက်ဆုံးနေပါတယ်။ဘယ်လမ်းကနေ ပြန်လှည့်ရမယ်ဆိုတာလည်း သူတို့ မသိ ပါဘူး။ သွားရင်းသွားရင်းနဲ့ဘဲ သူတို့လမ်းပျောက်နေပါတယ်။တစ်နေရာရာမှာ တစ်ခုခု ရှာတွေ့မလား။ သူအဲဒီ နေရာကို ဘယ်လိုပြန်သွားရမလဲ။ ပြန်သွားနိုင်မဲ့လမ်းကိုရှာတွေ့မလားဆိုပြီးတော့ သူသွားနေပါတယ်။ သူ့အထဲမှာရှိတဲ့တစ်စုံတစ်ခုက သူ့ကိုပြောပြနေပါတယ်။ လုံးဝအပြစ်ကင်းစင်တဲ့ နေရာကနေပြီးတော့ သူလာ ခြင်းဘဲဖြစ်တယ်လို့ ပြောနေပါတယ်။

20 ၂၀။ ယနေ့မနက်ပရိတ်သတ်တွေထဲမှာ မြင်တွေ့ရတဲ့ ပရိတ်သတ်တွေထဲမှာ လူတစ်ယောက်မှ မရှိပါဘူး။ နောက်ပြီးဒီတိတ်ခွေထဲမှာလည်း ရှိနေတဲ့ ပရိတ်သတ်တွေကိုလည်း ကျွန်တော်တို့မသိရပါဘူး။ ဒီတိတ်ခွေကတော့ တကမ္ဘာလုံးကို ပျံ့နှံ့နေပါတယ်။ ဒီနေရာမှာ ဘယ်သူမှ မရှိပါဘူး။ ဘယ်နေရာမှာမှလည်းမရှိပါဘူး။ ဒါပေမဲ့လည်း အဲဒီအပြစ်ကင်းစင်ခြင်းကို ရှာဖွေရန်အတွက်ဘဲ ဖြစ်ပါတယ်။ သင့်ရဲ့ငွေကြေးအကြွေးတွေအားလုံး ကို ပြန်လည်ပေးဆပ်ပေးမှာ ဖြစ်ပါတယ်။ အဲဒါတွေအားလုံးကိုလည်း ဖြေရှင်းပေးမယ်လို့သင်ထင်ပါတယ်။ သင့်ရဲ့အကြွေးတွေအားလုံးကို ပေးဆပ်ပေးမယ်ဆိုရင် တစ်စုံတစ်ယောက်သောသူကသင့်ရဲ့မိသားစုထဲမှာ ဖျား နာနေမှာဘဲ ဖြစ်ပါတယ်။ ဒီဖျားနာခြင်းက ကောင်းသွားမယ်ဆိုရင်သင့်မှာ အကြွေးတွေပေးဘို့ ပိုမိုရရှိမှာ ဖြစ်ပါ တယ်။ ပထမဆုံး သင်သိရမဲ့အရာကတော့ သင့်ရဲ့ဆံပင်တွေဟာဖြူသွားပြီ ဖြစ်ပါတယ်။ သင်ဟာ ပြန်ပြီးတော့ ငယ်ချင်တဲ့သူ ဖြစ်နေပါတယ်။ တချိန်လုံးဘဲတစ်စုံတစ်ခု ရှိနေပါတယ်။ အဲဒီအပြစ်ရဲ့ လှိုင်းတံပိုးတွေကြောင့်ဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့လည်းသင့်ရဲ့ စိတ်နှလုံးထဲမှာ သင်အဲဒါကို ရှာဖွေတဲ့အတွက် အပြစ်ကင်းစင်မှု တစ်နေရာရာ မှာရှိနေတယ်ဆိုတာကို ဖေါ်ပြနေပါတယ်။ တစ်နေရာရာမှာ တစ်ခုခု ရှိနေပါတယ်။

21 ၂၁။ အဲဒီအကြောင်းကြောင့်ယနေ့ ကျိန်ဖန်များစွာ အပြစ်သားတွေဟာ လှည့်ပတ်ပြီးတော့ သွားနေရပါ တယ်။ အင်မတန်လှပတဲ့မိန်းမငယ်လေးတစ်ယောက်က သူမရဲ့ ဆံပင်အလိပ်အလိပ်တွေကို ညှပ်လိုက်ပြီးတော့ ပေါ်ပြူလာဖြစ်အောင်လုပ်ချင်လုပ်မှာ ဖြစ်ပါတယ်။ သူ့မျက်နှာကိုလည်း မျက်နှာချေတွေနဲ့ လိမ်းချယ်ပြီးတော့ပိုမို လှပအောင် လုပ်မှာ ဖြစ်ပါတယ်။ သူမရဲ့ ကိုယ်ခန္ဓာပေါ်လွင်အောင်လည်း အဝတ်အစားတွေဝတ်ဆင်မှာ ဖြစ်ပါတယ်။ အဲဒါကတော့ သူမရှာဖွေတွေ့ရှိနိုင်မဲ့ တစ်ခုတည်းသောအရာ ဖြစ်ပါတယ်။တစ်နေရာရာမှာ ရှာဖွေ တွေ့ရှိခြင်းဘဲ ဖြစ်ပါတယ်။ တစ်ခုခုကို ရှာဖွေဘို့ ကြိုးစားမှာဖြစ်ပါတယ်။ သူမထံကို ပြန်လာဘို့ဘဲ ဖြစ်ပါတယ်။ ယောကျ်ားလေးတွေက လိင်ဆွဲဆောင်ဘို့ သူမလုပ်ဆောင်နိုင်မယ်။သူမကို လက်ပြတယ်။ သူမကို မြူဆွယ် တယ်ဆိုရင် သူမ လုပ်ဆောင်နေပြီ ဖြစ်ပါတယ်။ လူငယ်၊ လူပျိုလူရွယ်တွေကလည်းမိန်းကလေးများကို သူတို့ ထိုနည်းတူဘဲ ပြုလုပ်မှာ ဖြစ်ပါတယ်။ သူမစိတ်ဝင်စားလာအောင် ဆွဲဆောင်ဘို့ရန်အတွက်သူ့ကိုယ်သူ ကြိုးစား မှာ ဖြစ်ပါတယ်။ ထိုအနီး ပတ်ဝန်းကျင်က လူတွေကလည်း အိမ်ဆောက်ဘို့ရန်အတွက်ပြုလုပ်မှာ ဖြစ်ပါတယ်။ အဲဒီ နည်းလမ်းအတိုင်းဘဲ ပြုလုပ်မှာ ဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ပိုပြီးတော့ ကောင်းမွန်လာအောင် သူ့ပတ်ဝန်းကျင်မှာရှိတဲ့ နေရာတွေထက် ပိုပြီးတော့ သားနားလာအောင်လုပ်မှာဘဲ ဖြစ်ပါတယ်။ တစ်ချိန်လုံးဘဲ ထိုကဲ့သို့ဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာတစ်စုံတစ်ခုသောအရာကို ရှာဖွေနေခြင်းဘဲ ဖြစ်ပါတယ်။ အဲဒါထက် အနည်းငယ်သာပြီးတော့ ကျွန်တော်တို့ဟာတစ်စုံတစ်ခုသောအရာကို ဆက်လက်ပြီးတော့ လုပ် ဆောင်နေခြင်းဘဲ ဖြစ်ပါတယ်။

22 ၂၂။ ငယ်ရွယ်တဲ့မိန်းကလေးတစ်ဦးက နောက်ထပ်ငယ်ရွယ်တဲ့ မိန်းကလေးတစ်ဦးကို ရှာဖွေပြီးတော့ သူမ ထက်ပိုပြီးတော့ရေပန်းစားတာကို တွေ့မှာ ဖြစ်ပါတယ်။ ပတ်ဝန်းကျင်မှာရှိတဲ့ လူတစ်ယောက်ကလည်း အိမ်ကို ရှာတွေ့ပြီးတော့သူ့အိမ်ထက် ပိုကောင်းတာကို ရှာတွေ့မှာ ဖြစ်ပါတယ်။ အမျိုးသမီးတစ်ယောက်ကလည်း သူမ ထက်ပိုပြီးတော့သားသားနားနား ဝတ်ဆင်နိုင်တဲ့သူတစ်ယောက်ကို တွေ့မယ်ဆိုရင် ကျွန်တော်တို့အထဲမှာ ရှိနေတဲ့အရာက ပိုပြီးတော့ ကောင်းတဲ့အရာကို ရှာဖွေနေခြင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ပျောက်ဆုံးနေတယ်ဆိုတာကို ရှာဖွေနေခြင်းဘဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရှာဖွေလိုတဲ့အရာကတော့ ပျောက်ဆုံးနေတဲ့အရာတစ်ခုခုကို ရှာဖွေပြီးတော့ ကျွန်တော်တို့ စိတ်ကြေနပ်မှု ရရှိအောင်ဘဲ ဖြစ်ပါတယ်။ အဲဒါမှဘဲအဲဒီမှာ ဟာနေတဲ့ ကွက်လပ်ကို ဖြည့်နိုင်မှာ ဖြစ်ပါတယ်။ ဒါပေမဲ့လည်း ကျွန်တော်တို့ ရှာမတွေ့တဲ့ပုံဖြစ်နေပါတယ်။ လူသားများ ဟာ ခေတ်အဆက်ဆက် အဲဒါကို ကြိုးစားပါတယ်။ သူတို့ အဲဒီအတွက် ငိုကြွေးကြပါတယ်။အဲဒီအတွက် သူတို့ ငြီးတွားကြပါတယ်။ သူတို့ အရာခပ်သိမ်း ပြုလုပ်ပြီးတော့ သူတို့ ဘာလုပ်ရမလဲဆိုတာသိပါတယ်။ ဒါပေမဲ့လည်း သူတို့ ဘယ်လိုမှ ရှာမတွေ့ပါဘူး။ ကမ္ဘာလောကကြီးမှာ သူတို့ ပတ်ပြီးတော့သွားပြီးတော့ လမ်းပျောက်နေကြပါ တယ်။

23 ၂၃။ နောက်ဆုံးတစ်နေ့သောအခါမှာ ကားတိုင်ပေါ်မှာ ထိုနေ့တစ်နေ့ဘဲ ဖြစ်ပါတယ်။ ဘုန်းထင်ရှားတဲ့ လူတစ်ယောက်ဆင်းသက်လာပါတယ်။ ဘုရားသားတော်ဖြစ်တဲ့ သခင်ယေရှု ဖြစ်ပါတယ်။ ဘုန်းထင်ရှားတဲ့နေ ရာကနေလာပြီးတော့ ကားတိုင်ပေါ်မှာ ပုံစံဖေါ်လိုက်ပါတယ်။ အဲဒီနေ့ရက်မှာ အဖိုးအခကို ပေးဆပ်လိုက်ပါတယ်။ အပြစ်မေးခွန်းကတော့ ဖြေရှင်းသွားပြီ

ဖြစ်ပါတယ်။ ထာဝရ ဖြေရှင်းသွားပါတယ်။ ဒီအရာနဲ့ပတ်သက်လို့အရာခပ်သိမ်းကို ဖွင့်ပြလိုက်ပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ဆာငတ်မှုတွေ၊ ဆာလောင်မှုတွေအားလုံးအ တွက်ဘဲ ဖြစ်ပါတယ်။ အားလုံး ကြေနပ်နှစ်သိမ့်မှုရမဲ့နေရာကို ရောက်သွားပါတယ်။ဘယ်သူမှ ကားတိုင်ဆီကို ရောက်မသွားကြပါဘူး။ ကားတိုင်လမ်းကိုဘဲ ရောက်ကြပါတယ်။ အဲဒါကတော့တူညီမှုရှိပါတယ်။ သူဆန္ဒရှိတဲ့အ ရာ၊ တောက်ပတဲ့ အရာတွေအားလုံး ဒီနေရာကို ရောက်တဲ့အခါမှာပြည့်စုံပါတယ်။ အင်မတန် အရေးကြီးတဲ့ မေးခွန်းဘဲ ဖြစ်ပါတယ်။ အင်မတန် အရေးကြီးတဲ့အရာလည်းဖြစ်ပါတယ်။ ကမ္ဘာလောကကြီး တစ်ခုလုံးကို ကိုင်လှုပ်လိုက်သလို ဖြစ်ပါတယ်။ အရင်တုန်းကတုန်လှုပ်မှု မရှိသလိုဘဲ ဒီကမ္ဘာလောကကြီးကို ကိုင်လှုပ်လိုက် ခြင်းဘဲ ဖြစ်ပါတယ်။ သခင်ယေရှုဟာကားတိုင်ပေါ်မှာ အသေခံတဲ့အခါမှာ အပြစ်ရဲ့အဖြေကို ပေးလိုက်ခြင်းဘဲ ဖြစ်ပါတယ်။

24 ၂၄။ ဤအပြစ်နှင့် ပြည့်နေသော ကမ္ဘာကြီးမိုက်မှောင်သွားခဲ့ပြီး မွန်းတည့်ချိန် နေဝင်သွားခဲ့သည်။ကျောက်ဆောင်များ လှုပ်ခခဲ့သည်။ တောင်များလည်း ပြိုခဲ့ကာ သင်္ချိုင်းမှ လူသေ(အလောင်း)များ များ လည်း ထကြ၍ ထိတ်လန့်စွာဖြင့် ဝပ်စင်(ဂါဝရပြုမှု တစ်ခု) ဖြစ်ခဲ့သည်။ အဲဒါကဘာကို ဆိုလိုခဲ့တာ လဲ? ဘုရားသခင်က ကားစင်ပေါ်မှာစီစဉ်ခဲ့ပြီး ဖြစ်သည်။ သူသည် စာတန်လို့ခေါ်သော သတ္တဝါကို အပြစ်ပေးခဲ့လေ၏။

အခုတော့ သူသည် အရင်ကထက်ပို၍ ရက်စက်လာပြီ။ ဘာလို့လဲဆိုတော့ လူသား မျိုးနွယ်ဆီသို့ အလင်းရောင်ရောက်လာခဲ့သောကြောင့်ဖြစ်သည်။ ထို့အပြင် အပြစ်ပေခံရသော သတ္တဝါက အရက်စက်ဆုံး ... သူ၏ ကျိုးနေသော ကျောပြင်နှင့် တွားသွားနေတယ်ဆိုတာကို လူတိုင်းကသိကြသည်။

အခုတော့ စာတန်ကို ကားစင်၌အလဲထိုးခဲ့သည်။ ကမ္ဘာကြီးက ထိုအရာကို သက်သေ ပြခဲ့ သည်။ ပေးရသမျှထဲမှာ အကြီးမားဆုံးဈေးနှုန်းနှင့် ထိုဈေးနှုန်းကိုပေးနိုင်သော တစ်ခုတည်းသော အရာသည် ကားစင်၌ပြီးပြတ်သွားခဲ့ပြီ။အဲဒါက တန်ဖိုး အရှိဆုံးဈေးနှုန်းကို ပေးခဲ့ခြင်းဖြစ်သည်။ ထို အရာသည် အားလုံးထဲမှ တစ်ခုသာရှိသည်။

25 ၂၅။ ဘုရားသခင်ကအဲဒါကို လိုခဲ့တယ်။ ဘယ်သူကမှမထိုက်တန်ဘူး၊ ဘယ်သူကမှ မတတ်နိုင်ဘူး၊ ဘယ်သူကမှ မလုပ်နိုင်ဘူး။ဒါကြောင့် ဘုရားကိုယ်တိုင် ဆင်းကြွလာပြီး လူသား အဖြစ်ခံယူခဲ့သည်။ လူ့သဘာဝအတိုင်း နေထိုင်ကာကားတိုင်၌ အသေသတ်ခြင်းခံရသည်။ အပြင်စာတန်က သူအဲ့ဒါကို လုပ်မှာ မဟုတ်ပါဘူး။ သူအဲ့ဒီကိုသွားမှာ မဟုတ်ပါဘူးလို့ တွေးတဲ့အခါ၊ သူသည် ဂေသရေမှန်အရပ် နှင့် လူတိုင်းရပ်ကြသော လမ်းစဉ်သို့သွားခဲ့သည်။ လူသား တိုင်းလို မျိုးသူအဲ့ဒီဆီကို သွားခဲ့တယ်။ ဒါပေမဲ့ သူဟာ တန်ဖိုးကိုပေးခဲ့တယ်။ပြီးတော့ အဲဒါက ကမ္ဘာကြီးကို မှောင်မိုက် သွားစေခဲ့တယ်။

ခွဲခန်းတစ်ခုမှာ မေ့ဆေးပေးထားသလိုမျိုးပဲ။ဆရာဝန်တစ်ယောက်က လူတစ်ယောက်ကို မေ့ဆေး (ထုံဆေး) ပေးတဲ့ အခါ သူကပထမဆုံးခွဲ မစိတ်ခင်သူ့ကို အိပ်ပျော်အောင် လုပ်သည်။ ဒီလိုပဲ ဘုရားသခင်က အသင်းတော်အတွက် ခွဲစိတ်မှု တစ်ခုလုပ်တဲ့အခါ ကမ္ဘာကြီးက မေ့ဆေး ပေးထားခြင်းခံရတယ်။ သဘာဂ တရားကလဲ ကသောင်းကနင်းဖြစ်ရတယ်။

အံ့ဩစရာမရှိပါဘူး။ လူသားခန္ဓာကိုယ်ဖြင့်ဘုရားသည် သေသွားခဲ့ပြီ။ ဒီအချိန်ဟာ ကမ္ဘာကြီး အဖြေရှာသော အချိန် ဖြစ်သည်။ သို့သော်ငြားလည်းလူသားများကတော့ ထိုအရာကို မသိကြသေး။ ယနေ့ခေတ်လိုပဲ တော်တော်များများကတော့ အဲ့ဒါတွေကိုရှာကြတယ်။ ဒါပေမဲ့ သူတို့က အသိအမှတ် မပြုကြပြန်ဘူး။ သူတို့က သဘာဝတရားကို နားမလည်ကြဘူး။သူတို့က ကမ္ဘာကြီးရဲ့ အလို ဆန္ဒနဲ့ ပတ်သက်တဲ့ အရာတွေ၊ ပြီးတော့ သူတို့ရဲ့ ကိုယ်ပိုင်သဘာဝကိုပဲရှာနေကြတယ်။

26 ၂၆။ အဲ့ဒီနေ့ကိုညွှန်ပြတဲ့ လက္ခဏာတွေ၊ နိမိတ်တွေ အများကြီးရှိတယ်။ သိုး၊ နွားထီး၊ ချိုးငှက်နှင့် အဲ့ဒီလိုမျိုးတွေနဲ့နိမိတ်ပြကြတယ် ဒါပေမဲ့ အဲ့ဒါကို မချိုးဖောက်နိုင်ဘူး၊ သေမင်းကို မလွန်ဆန်နိုင်ဘူး။စာတန်က ကမ္ဘာကို ပိုင်ဆိုင်တဲ့ အတွက် ဖြစ်တယ်။ သူက ကမ္ဘာပေါ်မှာ လျှောက်လှမ်းမှု ပြုခဲ့တဲ့အစောပိုင်းကျောက်တုံးတွေ၊ တောက်လောင်နေသော ကန့်နှင့်မီးတောင်ပေါက်ကွဲစဉ် နံနက်မိုးသောက်ချိန်၏ သားလူစီဖာနှင့် လျှောက်လှမ်းမှုပြုခဲ့တဲ့ ကမ္ဘာကြီး၊ ထိုတူညီသော ကျောက်တုံးမျာ်ားသည်အေးသွားခဲ့ပြီ။ ယေရှုကားတိုင်ပေါ်၌ သေဆုံးချိန်တွင် ဖြစ်သည်။ လောက မှ ထွက်သွားစဉ်တွင်ဖြစ် တယ်။ ပေးခဲ့ရသော တန်ဖိုးနှင့် စာတန်၏ ကျွန်ဘဝဟာ ပျက်ဆီးသွားခဲ့ပြီ။

27 ၂၇။ ဘုရားသခင်ဟာလူသားတွေ ရှာနေတဲ့ လမ်းတစ်ခုကို လူတွေဆီ လက်ဆင့်ကမ်းပေးခဲ့တယ်။ သူဟာ နောက်ထပ် ငိုကြွေးမှုမပြုတော့ပါ။ သူက စာတန်ရဲ့ ကျောရိုး၊ အပြစ်နဲ့ ဖျားနာမှုရဲ့ ကျောရိုးကို ကားစင်မှာ ရိုက်ချိုးလိုက်တဲ့အခါ ကမ္ဘာမှာ ရှိတဲ့ သေရမည် ဖြစ်တဲ့ အရာတိုင်းကို ခွင့်လွှတ်ခြင်းခံရ သော အပြစ်များနှင့်အတူဘုရားရဲ့ မျက်မှောက်တော်ဆီသို့ ယူဆောင်လာတယ်။

ဟာလေလုယာ၊ ငါတို့ရဲ့အပြစ်တွေကို ခွင့်လွှတ်ခဲ့ပြီ။ စာတန်က ငါတို့ကို ဘုရားသခင်ဆီမှ နောက်ထပ်သွားအောင် မလုပ်နိုင်ပေ။ အဝေးပြေးလမ်းမကြီး တစ်ခုလုပ်ထားတာ ရှိတယ်။ အဲ့မှာ ထားထားတဲ့ တယ်လီဖုန်းတစ်ခုရှိတယ်၊ဂုဏ်ကျက်သရေ ဆီသို့ လိုင်းတစ်ခုရှိတယ်။ လူတိုင်းကို အဲ့ဒီ လိုင်းဆီသို့ ရောက်အောင်ခေါ်ဆောင်ပေးတယ်။

လူတစ်ယောက်က အပြစ်တွေနဲ့ပြည့်နေမယ်ဆိုရင် သူ့ကို အလယ်ဗဟိုနဲ့ ဆက်သွယ်လိုက်ပါ။ သူ့ အပြစ်တွေကိုခွင့်လွှတ်ပေးနိုင်တယ်၊ အဲဒါသာမကပါဘူး၊ အဲ့ဒီအပြစ် အတွက်ပေးပြီးသားလဲ ဖြစ်တယ်။ ငါက မထိုက်တန်ပါဘူး လို့ ခင်ဗျားတို့ပြောဖို့မလိုပါဘူး၊ တကယ်တော့ ခင်ဗျားတို့က မထိုက်တန်ဘူး။ လုံးဂ မထိုက်တန်ဘူး။ ဒါပေမဲ့ ထိုက်တန်သောသူတစ်ယောက်က ခင်ဗျားတို့ နေရာမှာ အစားထိုးခဲ့တယ်။ ခင်ဗျားတို့ဟာ လွတ်လပ်သွားပြီ။ ခင်ဗျားတို့ခြေဦးတည့် လျှောက်သွားနေ ဖို့ မလိုတော့ဘူး။ ခင်ဗျားတို့ဟာ ကမ္ဘာပေးမှာ ပျော်စရာ တွေကိုပဲရှာဖွေနေတဲ့သူတစ်ယောက်ဖြစ်ဖို့ မလိုတော့ဘူး။ အတွက်

အသွေးနဲ့ ပြည့်နေသောစမ်းရေတွင်း တစ်ခုရှိတယ်။

ဇမောနွေလရဲ့ သွေးကြောတွေမှစီးကျလာတယ်၊

အပြစ်သားတွေက ထိုသွေးတော်အောက်သို့ဆင်းသွားကြပြီး၊

သူတို့ရဲ့ အပြစ်ရှိသောအစွမ်းအထင်း တွေအားလုံး ပျောက်ဆုံးသွားတယ်။ မင်းတို့ ထပ်ဆုံးရှုံးစရာ မလိုတော့ဘူး။ လမ်းမကြီးတစ်ခုရှိတယ်၊ ပြီးတော့ လမ်းတစ်ခု၊ ပြီးတော့ အဲ့ဒါကို သန့်ရှင်းခြင်းဆိုတဲ့ လမ်းလို့ခေါ်တယ်၊ မသန့် ရှင်းမှု တွေက တော့ ဖြတ်လမ်းတစ်ခု၊ ပြီးတော့ အဲ့ဒါကို သန့်ရှင်းခြင်းဆိုတဲ့လမ်းကို ခေါ်တယ်။ မသန့်ရှင်းမှု တွေကတော့ ဖြတ်သွားလို့ မရနိုင်ဘူး။ သူဟာ ထိုစမ်းရေတွင်းဆီသို့လာတဲ့အတွက်လမ်းမကြီးဆီသို့ဝင်ရောက်တယ်။

28 ၂၈။ သူကစာတန်ရဲ့ ခွန်အားတွေကို ရိုက်ချိုးခဲ့တယ်။ သူဟာ ငရဲအကျဉ်းထောင်တံခါးတွေကို ဖွင့် ခဲ့တယ်။ဒီကမ္ဘာပေါ်အကျဉ်းထောင်တွေထဲမှာ ပိတ်ထားခံရတဲ့ လူတိုင်းက သေသွားတဲ့အခါ ကြောက်နေ ကြတယ်၊ဘယ်လို သေခြင်းတရားဖြစ်လာမလဲဆိုတာ.... ကားစင်မှာ သူဟာ အဲ့ဒီ အကျဉ်းထောင် တံခါးတွေကိုဖွင့်ခဲ့တယ်။ ပြီးတော့ အကျဉ်းသားတိုင်းကို လွတ်လပ်ခွင့် ပြုခဲ့တယ်။ ခင်ဗျားတို့ အပြစ်ကြောင့်ငိုယိုနေဖို့ထပ် မလိုတော့ဘူး။ ခင်ဗျားဟာ ခင်ဗျား သူငယ်ချင်းတွေကို အပြစ်၊ အသောက်အစား၊လောင်းကစား၊ မုသာ ပြောခြင်းတို့မှ အညှံ့ခံအလျှော့ပေးဖို့ မလိုတော့ပါ။

ခင်ဗျားဟာ မှန်မှန်ကန်ကန်နှင့်တည့်တည့်မတ်မတ်ရိုးသားနိုင်ပါတယ်၊ ပြီးတော့ စာတန်က အဲ့ဒါနဲ့ပတ်သက်ပြီးဘာမှ မလုပ်နိုင်ပါဘူး။ ဘာလို့လဲဆိုတော့ ခင်ဗျားက ကြိုးတစ်ချောင်းကို ခိုင်မြဲစွာ ဆုပ်ကိုင်ထားသောကြောင့် ဖြစ်တယ်။အသက်တာ ကျောက်တုံးကြီးမှာ ကျောက်ချထားတဲ့ အသက် ကယ်ကြိုးတစ်ချောင်း ဖြစ်တယ်။ ဘယ်အရာကမှ ခင်ဗျားကို အဲ့ဒီကနေ တုန်ခါအောင် မလုပ်နိုင်ဘူး။ လေတိုက်တာမှ လဲမတုန်ခါစေနိုင်ဘူး။ ဘယ်အရာကမှပါ။ သေခြင်းတရားကို ကိုယ်တိုင်မှလဲ ကျွန်ုပ်တို့ကို ယေရှု ခရစ်တော်ထဲမှာ ရှိသော ဘုရားသခင်ရဲ့ချစ်ခြင်း မေတ္တာမှ ကွဲကွာအောင် မလုပ်နိုင်ပါ။

29 ၂၉။ အဲဒါကကားတိုင်ဆိုလိုတဲ့ အဓိပ္ပါယ်ပါ။ ကျွန်ဘဝမှာရှိသောသူများမှာ လွတ်မြောက်သွားခဲ့ပြီး။သေခြင်းတရားရဲ့ အကြောက်တရားအောက်မှာ တခါတုန်းက ရှိခဲ့သော လူသားမျာားဟာ နောက် ထပ် ကြောက်ရွံ့မှုတွေမရှိတော့ပါ။ အကယ်၍ လူတစ်ယောက်ဟာ ဘုရားသခင် စီရင်ပြုလုပ်တော် မူသော မြို့ တစ်မြို့ကိုစောင့်စားနေတာဆိုရင်သူဟာလမ်းမကြီးပေါ်သို့ ခြေချနိုင်ပြီး ကောင်းကင် နိုင်ငံ တော်ဆီသို့ မျက်နှာမူနိုင်တယ်။ဘာလို့လဲဆိုတော့ ထိုသူဟာ လွတ်ခြင်းခံသော သူဖြစ်သောကြောင့် ဖြစ်သည်။ ဟာလေလုယာ၊ သူဟာရွေးဝယ်ခြင်းခံရတယ်၊ သူဟာ နောက်ထပ် ခြေဦးတည့် လျှောက်သွားစရာမလိုတော့ပါ။ မှန်လား၊ မှားလားဆိုတဲ့ဖေါ်ပြတဲ့လမ်းတစ်ခုရှိသောကြောင့် ဖြစ်တယ်။ ဘုရားသခင်က ကျွန်ုပ်တို့ကို ဘဝပေးထားတယ်။ကျွန်ုပ်တို့ရဲ့ အပြစ်တွေက မရှိတော့ပါ။ ကားစင်ပေါ် က နေ့ကထိုတန်ဖိုးကို ပေးခဲ့တယ်။

ကျွန်ုပ်တို့က အဲဒါတွေကိုမြင်တွေ့တဲ့အခါ အံ့သြစရာ မရှိတော့တာကို ကဗျာဆရာရေးခဲ့တယ်။

ငှားရမ်းထားသော ကျောက်တုံးများနှင့် မဲမှောင်နေသော ကောင်းကင်ကြီးအလယ်၊ ကျွန်ုပ်ရဲ့ ခရစ်တော်ဦးခေါင်းငိုက်စိုက်ပြီးသေဆုံးခဲ့တယ်။ ဖွင့်ထားသော ကုလားကာက လမ်းကို ညွှန်ပြခဲ့တယ်။ ကောင်းကင်ဝမ်းမြောက်မှုနှင့်အဆုံး မရှိသော နေ့ဆီသို့။

30 ၃၀။ အာဗြဟံသည်တိုင်းပြည်ကို ဖြတ်ပြီး မြို့ တစ်မြို့ကို ရှာတဲ့ အတွက် ခြေဦးတည့်သွားစရာ မလို တော့ပါ။သူကို ကယ်တင်နိုင်သည် ဖြစ်စေ၊ မကယ်တင်နိုင်သည် ဖြစ်စေ အပြစ်သားတွေ ကနောက် ထပ် အံ့သြစရာမလိုတော့ပါ။ ဖျားနာသောသူဟာ သူကိုယ်တိုင် ပျောက်ကင်းသည်ဖြစ်စေ၊ မပျောက်သည်ဖြစ်စေ နောက်ထပ်အံ့သြနေစရာ မလိုပါ။ ထိုနေ့က ကားစင်ပေါ်တွင် ဖွင့်ထားသော ကုလားကာသည် အောင်မြင်မှု အပေါင်းဆီသို့လမ်းညွှန်ပြခဲ့သည်။ ဘုရားက ကျွန်ုပ်တို့ကို ဒီအရာတွေ အားလုံးအပေါ် အောင်မြင် တက်ကြွစွာနေထိုင်ဖို့ သူ့ဝိညာဉ်၏အစွမ်းတွေ ပေးလေပြီ။အဲ့ဒါကို ယုံကြည် ဖို့ တစ်ခုပဲ ကျွန်ုပ်တို့ဆီကသူတောင်းတယ်။ ကားစင်ပေါ် ကနေ့တွင်ဒါတွေဟာ ဖြစ်ပျက်ခဲ့ တယ်။

ဘယ်တော့မှ ဒီလိုနေမျိုးထပ်မရှိခဲ့ပါ။ဘယ်တော့မှ ထိုနေ့လိုမျိုးရှိလာမည် မဟုတ်ပါ။ နောက် ထပ် ထပ် မလိုတော့ပါ။ တန်ဖိုးကို ပေးထားပြီ၊ပြီးတော့ ကျွန်ုပ်တို့ကို ရွေးဝယ်ထားပြီ။ ဘုရားသခင်ကို ကျေးဇူးတင်ပါ။ ကျွန်ုပ်တို့ဟာရွေးဝယ်ခြင်းခံရပြီ။ ဝယ်ထာားပြီး ။ ဘုရားသခင်ကို ကျေးဇူးတင်ပါ။ ကျွန်ုပ်တို့ဟာ ရွေးဝယ်ခြင်းခံရပြီ။

အဲ့ဒါနဲ့ ပတ်သက်ပြီ နောက်ထပ်လျှောက်သွားဖို့ မလိုတော့ပါ။ နောက်ထပ် စဉ်းစားဖို့လဲ မလိုတော့ပါ။ ဒါတွေအားလုံး နုတ်ယူပြီးပြီ။ ကုလားကာကို ပြန်ဆွဲခဲ့ပြီး ကျွန်ုပ်တို့ကို လမ်းမကြီးပေါ်မှာ နေရာချထားပြီ။ နောက်ထပ်ခြေဦးတည့်လျှောက်သွားမဟုတ်။ယုံကြည်ဖို့ပါ။ ပြီးတော့ မှန်မှန်ကန်ကန် နဲ့ လျှောက်ရုံပါ။ ကျွန်ုပ်တို့ဟာ ဘုရားသခင်ရဲ့ပြည့်ဝသော မျက်မှောက်တော်ထဲမှာ မှန်ကန်စွာ လျှောက်ရမည်။

31 ၃၁။ အာဗြဟံသိခဲ့သည်။တခြားသူများလဲ သိခဲ့တယ်။ အဲဒါဟာ သူတို့ မြို့ကို ရှာနေတဲ့အခါ သူတို့ဟာ တစ်နေရာရာမှလာတယ်ဆိုတာကို သူတို့ သိခဲ့ကြတယ်ဆိုတာပါ။ တစ်စုံတစ်ခု ဖြစ်ခဲ့ဖူးတယ်။ သူတို့ဟာ မကြွံခိုင်ချည့်နဲ့သောမြေပြင်ပေါ်မှာ ထိုင်နေကြတယ်။ ငလျင်တွေ လှုပ်တယ်၊ မုန်တိုင်းတွေ လာတယ်။ စစ်ပွဲနဲ့သတ်ဖြတ်မှုတွေဖြစ်တယ်။ ဝံပုလွေနဲ့ သိုးတွေဟာ တစ်ကောင်နဲ့ တစ် ကောင် သတ်စားကြတယ်.... ဒါမှ မဟုတ်။ ဝံပုလွေက သိုးကိုစားတယ်။ ပြီးတော့ ခြင်္သေ့က နွားထီးကိုစားတယ်။ ဒါကို ကြည့်ရတာ မမှန်ဘူး။ တစ်ခုခုတော့ မှားတယ်။ သူတို့ဟာ တစ်စုံတစ်ခု မှားတယ်ဆိုတာ သိခဲ့ကြတယ်။ လူသားတွေ ညီအစ်ကို အချင်းချင်း သတ်ခဲ့ကြတယ်။ အဖေကသားကို သတ်ခဲ့ တယ်။ သားက အဖေကိုသတ်ခဲ့တယ်။ သားက အဖေကို သတ်ခဲ့တယ်။ တစ်စုံတစ်ခုတော့ မှားနေတယ်။ သူက အသက်ကြီးနေပြီသူသေလုမျောပါး ဖြစ်နေပြီ။ သူ့ခွန်အား ချည့်နဲ့လာပြီ၊ နေ မကောင်း ဖြစ်နေပြီ၊ သူ ကျွန်ဘဝသို့ရောက်နေပြီ။ သစ်ပင်တွေက ကြီးလာပြီး ဒါပေမဲ့ ညိုးနွမ်းလေပြီ။ သူတို့သေသွားသည်။ တောင်တွေပြောင်းလဲသွားပြီ။ ပင်လယ်တွေ ခြောက်သွေ့သွားပြီ။ ရေတွေ ခန်းခြောက် ပြီ။ တစ်ခုခုတော့မှားနေပြီ။

ဒါကြောင့် သူဟာ ဒီလိုမျိုးတွေ လုံးဝ မဖြစ်တဲ့ မြို့ တစ်မြို့ နေရာ တစ်နေရာ ရှာခဲ့တယ်။သူသည် ထိုအရာတွေကို မှန်ကန်အောင် လုပ်နိုင်တဲ့ တစ်ယောက် သော သူရဲ့ မျက်မှောက်တော်ထဲသို့ရောက်နိုင်ခဲ့မယ် ဆိုရင် သူဟာထိုသူကို ထိုအရာနဲ့ ပတ်သက်ပြီး ဆွေးနွေးနိုင်တယ် ဆိုတာကိုသူသိခဲ့တယ်။

32 ၃၂။ အိုအထူးအခွင့်အရေးပဲ၊အပြစ်သား။ အဲ့ဒါကတော့ အခု ဒီမနက်မှာ ခင်ဗျားထို လမ်းကို ရဖို့ ဖြစ်တယ်။ ကားစင်ပေါ်ကနေ့က ထိုလမ်းကို ဖွင့်ပေးခဲ့တယ်။ ထိုခရစ်ယာန်ဘုန်းတော် ကြီးတွေက သူ့ အတွက် ကြိုးစားရှာခဲ့တယ်၊ထိုအရာအတွက် ရှာဖွေခဲ့တယ်။ ကားစင်က ခင်ဗျားကို လွတ်လပ်စွာ ပေးခဲ့တယ်။ ခင်ဗျားအဲ့ဒါကိုဘယ်လိုပယ်ရှားမလဲ? ခင်ဗျားဘာသာရေးဂိုဏ်းခွဲတစ်ခုသို့ ဝင်ဖို့အဲ့ဒါကို ဘယ်လိုပယ်ရှားမလဲ?ခင်ဗျားအဲ့ဒါ အတွက် တစ်စုံတစ်ခုအစားထိုးဖို့ အဲ့ဒါကို ဘယ်လိုပယ်ရှားမလဲ? ကမ္ဘာရဲ့ ပျော်ရွှင်မှုတွေ ဘာလို့ အဲ့ဒါကိုလက် မခံတာလဲ?

ဖွင့်ထားသော ကုလားကာကလူတစ်ယောက်ကို အပြစ် မပါဘဲ ဘုရား မျက်မှောက်တော် အတွင်းခေါ်ဆောင်လာတယ်။ သူ့ရှေ့မှာ ကောင်းကင်၊ဝမ်းမြောက်ခြင်း၊ ငြိမ်းသက်ခြင်း၊ ထာဝရ အသက်ရှင်ခြင်း၊မှန်ကန်သော အရာအားလုံးစတဲ့ သူရှာဖွေနေသောအရာဆီသို့လမ်းတစ်ခုကို ပြင်ဆင် ထားတယ်။

33 ၃၃။ ထိုနေ့ကစာတန်ရဲ့ ခွန်အားတွေကို အလဲထိုးသောနေ့ဖြစ်သည်။ အရာအားလုံးကို အဆုံးသတ်ခဲ့တယ်။ ပြီးတော့ကျွန်တော် သူ့ကို ထိုမှာ မြင်နိုင်တယ်။ သူသည် ဧဒင်၏ သိုးငယ်လေး ဖြစ်သည်။ အာဗေလသည် ဘုရားသခင်ထံသို့ ကာဣနထက်ပို၍ကောင်းမွန်သော ပူဇော်သက္ကာကို ဆက်ကပ်သော အခါ ရှိခဲ့သော ပထမဆုံးသော အရိပ်မှ ဖြစ်သည်။

သူသည် သိုးသူငယ်၏ လည်ပင်းပတ်လည်မှာစပျစ်နွယ်တစ်ခုကို ချည်ခဲ့တယ်၊ သူ့ကို ကျောက်ဆောင်ဆီဆွဲခေါ်သွားတယ်၊ သူ့လက်ထဲမှာ လှံတစ်ခုအနေနဲ့ ကျောက်တုံးတစ်ခု ကိုင်ထားတယ်၊ သူ့ရဲ့ ခေါင်းသေးသေးလေးကို နောက်ကို ဆွဲ ထားတယ်၊ပြီးတော့ သူ မသေ မချင်း သူ့ကိုခုတ်၊ ထုခဲ့တယ်။ ထို့နောက်သူ့အသွေးတွေနဲ့ သူ့သိုးမွေးတွေကိုစိမ်ထားတယ်၊ သူ့ သွေးတွေ နဲ့ လူးလိုမ့်ထားတယ်၊ အဲ့ဒါက အရိပ် တစ်ခုဖြစ်တယ်။

ဒါပေမဲ့ ကားစင်ပေါ်ကနေ့မှာတော့ဒီကမ္ဘာပေါ်က သိုးငယ်တော့ မရှိခဲ့ဘူး။ သို့သော် သွေးတွေနဲ့ လူးလိုမ့်နေတဲ့ သေလုမျောပါးဖြစ်နေသော ဘုရားရဲ့ သိုးငယ်လေးတော့ ရှိခဲ့တယ်။ သူ့ကို ခုတ်ထစ်ခဲ့တယ်။ ရိုက်နှက်ခဲ့တယ်၊တံတွေးထွေးခဲ့တယ်။ ထိုးခဲ့တယ်၊ တစ်ကမ္ဘာလုံးက အားလုံး ပြုလုပ်ခဲ့တယ်။ ပြီးတော့ သူ့ဆံခွေကနေ သွေးတွေ တစ်စက်စက်ကျနေတယ်။

34 ၃၄။ အာဗေလရဲ့သိုးလေးသေတဲ့အခါ အာဗေလနားမလည်နိုင်တဲ့ ဘာသာစကားတစ်ခုကို ပြောပြီး သေခဲ့တယ်။ အဲဒါသိုးအော်သံပါ။ ပြီးတော့ ဘုရားသခင်ရဲ့ သိုးလေး ကားတိုင်မှာ ထိုနေ့က သေတဲ့ အခါ ဘယ်သူ့ကိုမှ နားမလည်ခဲ့တဲ့ဘာသာစကားတစ်ခုပြောခဲ့တယ်။ ‘ကျွန်ုပ်ဘုရား၊အကျွန်ုပ် ဘုရား၊ အဘယ်ကြောင့် ကျွန်ုပ်ကို စွန့်ပစ်တော်မူသနည်း?’ ထိုအရာမှ အပိုင်းပိုင်းရိုက်နှက်ခံရသော၊ခုတ်ထစ် ခံရသော ဘုရားသခင်၏ သိုးငယ်လေးဖြစ်သည်။

သူသည် အာဗေလစိတ်ထဲမှာရှိခဲ့သောပထမဆုံးသော သိုးလေးဖြစ်တယ်။ သူ့အမျိုးသမီး၏ ကတိပေးထားသော အစေ့(မျိုးစေ့) ကိုမြင်သောအခါကဖြစ်သည်။ သူသည် ဒံယေလမြင်ခဲ့တဲ့ ‘လက်ဖြင့် မထုမလုပ်ဘဲအလိုလိုဖြစ်သော ကျောက် တစ်လုံး’ဖြစ်သော သိုးငယ်လေးဖြစ်သည်။ သူသည် ပရောက် ဖက်အတွက် ‘ဘီးတစ်ခုအထဲ၌ ဘီးတစ်ခု’ ဖြစ်သည်။ သူတို့ ကြိုသိခဲ့သော အားလုံးကိုထိုနေ့ကားစင်ပေါ်က နေ့မှာတွေ့ခဲ့တယ်။ ကြီးမြတ်တဲ့ အရာကို ယူဆောင်ခဲ့တယ်။ စာတန်ရဲ့ ကျောရိုးကိုချိုးခဲ့တယ်။

35 ၃၅။ ကျွန်ုပ်တိုးအဲ့ဒီနေ့ကဘာဆိုလိုလဲဆိုတာ ရှာဖွေသင့်တယ်၊ ဒုတိယအနေနှင့် ထိုနေ့က ကျွန်ုပ်တို့ အတွက် ဘာလုပ်ပေးလဲဆိုတာကျွန်ုပ်တို့သိသင့်တယ်။ အခုတတိယအနေနှင့် ကျွန်ုပ်တို့အဲ့ နေ့ အတွက် ဘာလုပ်သင့်လဲဆိုတာကြည့်ရမည်။ ကျွန်ုပ်တို့ဘာလုပ်သင့်လဲ။

ပထမအနေနှင့် ထိုနေ့သည်နေ့များထဲမှ ကြီးမြတ်ဆုံးနေ့၊ ကြီးမြတ်သော နေ့ဖြစ်သည့် အတွက် ကျွန်ုပ်တို့ထိုဟာကိုစုံစမ်းရှာဖွေ သင့်သည်။ အပြစ်ရဲ့တန်ဖိုးကို ကျေငြိမ်းစေခဲ့ပြီ။ စာတန်ရဲ့ အစွမ်းတွေကို ချိုးဖဲ့ခဲ့သည်။ အခုတော့ ကျွန်ုပ်တို့ဘာပြန်လုပ်သင့်သလဲဆိုတာကို သိရပါမည်။

အခုအပြန်အလှန်အားဖြင့်ယေရှုက ကားစင်ပေါ်က နေ့တွင် ကားတိုင်ဟာ အသေခံခဲ့တဲ့ အခါ သူဟာ ကျွန်ုပ်တို့ အပြစ်အတွက်အဖိုးအခကို ပေးဆပ်ရုံသာ မက အဖိုးအခကို ဆပ်ပေးပြီး သူ့နောက် လိုက်နိုင်မည့် လမ်းတစ်ခုကိုပြုလုပ်ပေးခဲ့ပါတယ်။ ကျွန်ုပ်တို့ အတွက် ရွေးကောက်ခြင်း ခံရသော ကျရှုံးတဲ့ အာဒံ အနေနှင့်.... ဝိညာဉ်တော်လမ်းပြသော အာဒံကဲ့သို့ ပထမ အာဒံ သဘာဝတရားအား လုံးကိုထိန်းချုပ်မှုရှိသော ဝိညာဉ်တော်အားဖြင့် ပြီးတော့ ကျွန်ုပ်တို့- ဒုတိယ အာဒံ ဒါမှ မခံရသောသူသည် သူ့နောက်ကို လိုက်နိုင်သည်။

36 ၃၆။ အခုသူကားတိုင်ပေါ်တွင်သေတဲ့ အခါ သူလမ်းတစ်ခုကို ပြုလုပ်ခဲ့တယ်။ သူသည် ခင်ဗျားနှင့် ကျွန်ုပ်တို့လိုက်လျှောက်ဖို့လောကသို့ စေလွှတ်ခဲ့တဲ့ သန့်ရှင်းသော ဝိညာဉ်တော်ကို အဆက် ဖြတ် ခဲ့သည်။ ဒါဟာ သူ့နောက်လိုက်ဖို့ကျွန်ုပ်တို့ကို ဆိုလိုချင်တဲ့ ကားတိုင်၏ အဓိပ္ပါယ်ဖြစ်သည်။

ပထမ အနေနှင့် ရှာဖွေရအောင်၊အဲ့ဒါဟာ ကျွန်ုပ်တို့အတွက် ဘာလုပ်ပေးခဲ့သလဲနှင့် အခု ကျွန်ုပ်တို့ဟာလေးစားမှု ဖြင့်သာပြန်လုပ်ရမည်ဆိုတာကို ရှာပါ။ ခင်ဗျားနှင့် ကျွန်ုပ်တို့ ဘာလုပ်ရ မလဲ ? အခုတော့ ကျွန်ုပ်တို့က ‘ကောင်းပြီ။ ငါအဲ့ဒါကို ကျေးဇူးတင်တယ်။ ဒါဟာအရမ်းကောင်းတယ်’ လို့ ပြောကြတယ်။ ဒါပေမဲ့ ကျွနိုပ်တို့က အဲ့ဒါကို လက်ခံရမည်။ ပြီးတော့ လက်ခံတယ်ဆိုတာ သူ့ရဲ့သားယေရှုကိုနှလုံးသားထဲမှာ လက်ခံခြင်း ဖြစ်တယ်။ ထို့နောက်မှာတော့ ကျွန်ုပ်တို့ဟာ အပြစ်နှင့် ကင်းရှင်းသွားပြီ။ထိုကြောင့်

ကျွန်ုပ်တို့ကို ချိတ်ဆွဲထားတဲ့ အပြစ် သံကြိုးတွေလုံး၀ မရှိတော့ပါ။ ဘုရားသခင်..... ကျွန်ုပ်တို့ တစ်ခါမှ အပြစ်မလုပ်ဖူးသလိုမျိုးပဲ။

ပြီးပြည့်စုံသော အနစ်နာခံမှုကကျွန်ုပ်တို့ကိုပြီးပြည့်စုံစေခဲ့တယ်။ ယေရှုက ထို့ကြောင့် ကောင်းကင် ဘုံ၌ ရှိတော်မူသောသင်တို့အဘသည် စုံလင်တော် မူသည် နည်းတူ သင်တို့သည်လည်း စုံလင်ခြင်းရှိကြလော့။ ပြောခဲ့တဲ့အတွက် ဖြစ်သည်။ ဒါကြောင့် လက်ခံစရာ မရှိပေမဲ့ ကျွန်ုပ်တို့ဟာ ဘုရားသခင်ရဲ့ မျက်မှောက်တော်မှာတော့စုံလင်ခြင်းရှိတယ်။

37 ၃၇။ အခုတော့ကျွန်ုပ်တို့ နေရာဆုံးရှုံးမယ့် အရာရှိလာပြီ။ ကျွန်ုပ်တို့သာ စောင့် ကြည့်ဘူးဆိုရင်ကျွန်ုပ်တို့ဘာဖြစ်ခဲ့လဲဆိုတာ ကြိုးစားပြီးပြန်ကြည့်ကြလိမ့်မယ်။ ပြီးတော့ အဲ့လိုပြန်ကြည့်နေတဲ့ကာလ အတွင်း အနစ်နာခံမှုဆိုတာ ကျွန်ုပ်တို့ အတွက် အဓိပ္ပါယ် မရှိတော့ပါ။ အိုမင်းအဲ့ဒါကိုမမြင်နိုင်ဘူး လား အသင်းတော်?ကျွန်ုပ် အလုပ် ကို ကြိုးစားမှာ မဟုတ်ဘူး၊ ကျွန်ုပ်လုပ်နိုင်ဘူး၊ ခင်ဗျားလဲ မလုပ်နိုင် ဘူး၊ ကြိုးစားစရာ မလိုပါဘူး။ ခင်ဗျားဘာလုပ်ပြီးလဲဆိုတာ ပြန်ကြည့်နေသ၍ ခင်ဗျားစတင်ဖို့ ကျရှုံး နေမှာပဲ။ ဒါကြောင့် ခင်ဗျား ဘာလုပ်ပြီးလဲဆိုတာကို မကြည့်ပါနဲ့၊ ကားစင်ပေါ်ကထိုနေ့က ခင်ဗျားကို ဘာလုပ်ပေးခဲ့လဲဆိုတာပဲကြည့်ပါ။

အဲ့ဒါက ခင်ဗျားရဲ့ တန်ဖိုးကိုပေးခဲ့တယ်။မေးခွန်းကို ပြီးပြတ်စေခဲ့တယ်။ ‘သင်တို့ အပြစ်သည်နီသော အဆင်းရှိသော်လည်း၊ မိုးပွင့်ကဲ့သို့ ဖြူလိမ့်မည်။ ကတ္တီပါနီနှင့် အမျှ နီသော်လည်းသိုးမွေးကဲ့ သို့ ဖြစ်လိမ့်မည်။’ ဒါကြောင့် ခင်ဗျား အပြစ်မရှိဘူး၊ ခင်ဗျားဟာ လုံး၀ အပြစ်ကင်းစင်ပြီး ခင်ဗျား ဘာပဲလုပ်ခဲ့လုပ်ခဲ့။ ဘာပဲလုပ်လုပ်၊ ခင်ဗျားဟာ အပြစ်ကင်းစင်တုန်းပါပဲ။ ခင်ဗျားဟာ ယေရှု ခရစ်တော်ကိုမိမိ ကယ်တင်ပိုင်ရှင် ယုံကြည်နေသ၍ ခင်ဗျားအပြစ် တွေကို ခွင့်လွှတ်ပြီးသားပါ။ ခွင့်လွှတ်ခြင်း ခံရသော အရာတိုင်းကို ရုတ်သိမ်းပြီးမေ့လျော့ပြီးသားဖြစ်သည်။

ဒါဆိုရင် အဲ့ဒါက ဘာလုပ်ပေးတာလဲ? ဒီအခြေအနေတွေ ပြီးတဲ့အခါ ခင်ဗျားကို သူ့နောက်လိုက် ဖို့ နှင့် သူလုပ်သည့်အတိုင်းလုပ်ဖို့ သူ့ နောက်လိုက်လို့ သူများအတွက် သူရဲ့ဝိညာဉ် တော်ကို ပေးပါတယ်။

38 ၃၈။ သူကတစ်ယောက်သာ ရှိတဲ့ပြီးပြည့်စုံသော လူ ဖြစ်ပါတယ်။ သူက သူ့ဘ၀ကို ပေးခဲ့တယ်၊ ပြီးတော့ခင်ဗျား အတွက် ဥပမာတစ်ခု ပြုလုပ်ခဲ့တယ်။

အခုတော့ ကျွန်ုပ်တို့ဘာလုပ်ရမလဲ? အခု ပထမဆုံး အနေနှင့် ကျွန်ုပ် ပြောချင်တာကယေရှု က သူ့ကိုယ်အတွက် ဘယ်တော့မှ မနေခဲ့ဖူးပါဘူး၊ သူ့ဘ၀ကို တခြားသူတွေ အတွက်သာ စွန့်လွှတ်ခဲ့သည်။ ဒါဟာ ပြီးပြည့်စုံသော ထာ၀ရ အသက်တာ ဖြစ်တယ်။ ထာ၀ရ အသက်တာဆိုတာ တခြားသူ တေ အတွက်နေထိုင်ပေးခြင်းဖြစ်တယ်။

ဘုရားရဲ့ သိုးငယ်လေးရောက်လာတဲ့အခါ အဲ့ဒါကို သက်သေပြခဲ့တယ်။ သူဟာ ထာ၀ဂရ အသက်တာကို ရပြီးနေထိုင်ခဲ့တယ်။ ဘာလို့လဲဆိုတော့သူဟာ သူကိုယ်တိုင် အတွက် မနေထိုင်ခဲ့၊ တခြားသူများ အတွက် သာ နေထိုင်ပေးခဲ့တယ်။ ဒါကြောင့်ထိုနေ့ကို လက်ခံ ခြင်းအားဖြင့် ထာ၀ရ အသက်တာကို လက်ခံပါ။ နောက်ထပ် ကိုယ်ကို ကိုယ်တိုင်အတွက်သာ မနေပါနှင့်။ တစ်ပါးသူများအ တွက်သာနေထိုင်ပါ။

39 ၃၉။ တစ်စုံတစ်ယောက်က ‘မင်းဒီလိုနာမည်ဆိုးတွေကိုဘယ်လိုသည်းခံနိုင်ပြီးတော့ တခြား သူတွေကို ခေါ်ခွင့်ပြုနိုင်တာလဲ?’ ဟုမေးခဲ့သည်။ ခင်ဗျားတို့ဟာခင်ဗျားတို့အတွက်မနေထိုင်ပါနှင့်။ ခင်ဗျားရွေးကောက်သော တခြားသူတွေ အတွက် နေထိုင်ပါ။ ခင်ဗျားတို့ကသားဖြစ်လာတယ်၊ပြီးတော့ အဲ့ဒါရဲ့ပြဿနာကအသင်းတော်ကပါသူတို့ကသားတွေဖြစ်တယ်ဆိုတာကို မေ့လျော့ကြတယ်၊ ခင်ဗျားတို့ကသားတွေဖြစ်တယ်။ ခင်ဗျားတို့ဟာ ခရစ်တော်ရဲ့ နေရာကို ယူနေကြတယ်။ ခင်ဗျားတို့ကသားတွေ ဖြစ်တယ်၊ ဒါကြောင့်ခင်ဗျားတို့ကိုယ်တိုင် အတွက်မနေထိုင်ပါနှင့်။ သူတစ်ပါးအတွက်နေထိုင်ပါ။

‘ကောင်းပြီ ညီအစ်ကို ဘရမ်ဟမ်၊ကျွန်တော်တို့ ညီအစ်ကို အတွက် နေနိုင်ပါတယ်၊ ဘာလို့လဲဆိုတော့ သူဟာ အရမ်းကောင်းမွန်သောသူဖြစ်လို့ပါ။’ ဒါမဟုတ်ပါဘူး။ခင်ဗျားကိုမုန်းတဲ့သူ အတွက် နေထိုင်ပါ။ ခင်ဗျားကို သူတို့သတ်ချင်ရင်သတ်နိုင်လောက်သောသူများအတွက် အသက်ရှင် ပါ။ ဒါဟာသူတို့သူ့အတွက် လုပ်ပေးတာပါ။ သူတို့က သူ့ကို သတ်ခဲ့ကြတယ်။ပြီးတော့ သူဟာ သူတို့ကို ကယ်တင်ပေးဖို့ရန် အသေခံခဲ့တယ်။ ဒါက ထာ၀ရ အသက်တာပါ။ ခင်ဗျားရဲ့ရင်ဘတ်ထဲမှာ ထို အရာကို လက်ခံထားရင် ခင်ဗျားက ကောင်းကင်နိုင်ငံဆီသို့ မျက်နှာမူနေပါပြီ။

ဒါပေမဲ့ ခင်ဗျားရဲ့ ကိုယ်ပိုင် အရာတွေကိုစွန့်လွှတ်လိုက်ပါ။ သိုးကသူ့ရဲ့ အမွေးကို ပေးသကဲ့သို့ ပေးကမ်းစွန့်ကြဲလိုက်ပါ။ ကားတိုင်ကိုသာမျှော်ကြည့်ကြတယ်။

40 ၄၀။ ဒီအရာကခင်ဗျားကို နေရာတစ်ခုရနိုင်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်.... လူသားများအား လုံးရောက်လာကြဖူးသော တဲတော်ဆိုသည်မှာ ခင်ဗျားဘယ်သူလဲဆိုတာနှင့်ရည်ရွယ်ချက်က ဘာလဲဆိုတာကို ရှာဖွေခြင်းဖြစ်တယ်။

အသင်းတော်က ဂီတပြုလုပ်ဖို့နှင့်သီချင်းဆိုဖို့သက်သက် အသင်းတော်သို့ မသွားမနေတော့ ပါ။ အသင်းတော်ဆိုတာ အမှားပြင်ဆင်ဖို့ အတွက်နေရာတစ်ခုဖြစ်တယ်။ဘုရားသခင်ရဲ့ အိမ်တော်မှာ စီရင်ချက်စတင်တယ်။ ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့ကိုယ်တိုင်အသက်သေခြင်းနှင့် ရှင်ခြင်းကိုခရစ်တော်ဆီ သို့ စီရင်ဆုံးဖြတ်ရမယ်။ သို့မှသာ သူဟာ ကျွန်ုပ်တို့ကိုသူ့နောက်လိုက်ဖို့နှင့် သူ့ရဲ့တာ၀န်ထမ်းဆောင် ဖို့ စွန့် လွှတ်ရမယ့်လမ်းကို ပြင်ဆင်ခဲ့တယ်။ကျွန်ုပ်တို့က သူ့နောက်လိုက်ရင် သူဦးဆောင်သော အသက်တာကို လမ်းပြပေးမယ်။ ဒါဟာ အံ့သြစရာပဲ။ ယေရှုက အဲဒါကို မိန့်ကြားခဲ့ပြီးသား... ကျွန်ုပ်ခင်ဗျားကို အဲ့ဒါရဲ့ ကျမ်းကိုးကားချက်တစ်ခုမေးပါရစေ။ သေချာနားထောင်ပါ။ မလွတ်ပါစေနှင့်။

41 ၄၁။ ထိုနေ့ကယေရှု သည်ပြောခဲ့သည်။ သူသည် လူတွေကို သို့နှင့် ဆိတ်လိုမျိုးသီးခြားခွဲထားတယ် ၊ ပြီးတော့ဆိတ်တွေကို

'လက်ဝဲတော်ဘက်၌ထားတော်မူလတ္တံ့' သိုးတွေကို 'လက်ျာတော်ဘက်၌ ထားတော်မူလတ္တံ့' လို့ ပြောခဲ့တယ်။ ထို့နောက် သူက ဆိတ်တွေကို 'ငါထံမှ ခွာသွားကြလော့။အကြောင်းမူကား ငါသည် မွတ်သိပ်သောအခါ သင်တို့သည် မကျွေး၊ ငါသည် ရေငတ်သော အခါ သင်တို့သည်သောက်ဘို့ မပေး။ ငါသည်ဧည့်သည်အဖြစ် လာသော အခါသင်တို့သည် ဧည့်ဝတ်ကို မပြု၊ ငါသည် အဝတ်အချည်းစည်းရှိသောအခါသင်တို့သည် အဝတ်နှင့် မဖုံးမလွှမ်း။ ငါသည် အနာရောဂါစွဲသော အခါ၌ငင်း၊ ထောင်ထဲမှာနေရသောအခါ၌ငင်း၊ သင်တို့သည် မကြည့်မရှု မပြုစုကြ' ဟု မိန့်တော်မူတယ်။ သို့သော် သိုးတွေကိုတော့ သူက 'ငါသည် မွတ်သိပ်သောအခါ သင်တို့သည် ကျွေးကြ၏ ငါသည် အဝတ်အချည်းစည်းရှိသော အခါ သင်တို့သည် အဝတ်နှင့် ဖုံးလွှမ်း ကြ၏၊ ငါသည် အနာရောဂါစွဲကပ်သော အခါ သင်တို့သည် ကြည့်ရှုပြုစုကြ၏ ' ဟုမိန့်တော် မူခဲ့တယ်။ ဒါကြောင့် သတိပြုပါ။ ထိုအရာကို ရဖို့ မပျက်ကွက်ပါနှင့်၊ အသင်းတော်၊ နှလုံးသားထဲမှာ ထာဝရသိမ်းထားပါ၊ ဒါတွေက သတိလတ်လွှတ်ဖြစ်ခဲ့တာပါ။ လူတွေကဒါကို တာဝန်တစ်ခုအနေနဲ့ မလုပ်ကြပါ။ လူတစ်ယောက်က ခင်ဗျားကို တစ်စုံတစ်ခု ပေးတယ်ဆိုတာသူပေးသင့်လို့ပါ။ လူတစ်ယောက် ခင်ဗျားကိုကျွေးမွေးတယ်ဆိုရင် သူကျွေးသင့်လို့ပါ။ သူ့မှာတစ်ကိုယ်ကောင်းဆန် သော သဘောသဘာဝရှိပါတယ်။ ဒါဟာခင်ဗျားရဲ့ ဘဝ၊ ခင်ဗျားရဲ့ လုပ်ရပ်တွေဖြစ်သင့်ပါတယ်။

42 ၄၂။ သိုးတွေအတွက် အရမ်း အံ့ဩစရာကောင်းတာက သူတို့က 'သခင်ကိုယ်တော်သည်မွတ်သိပ်တော်မူသည်ကို အဘယ်အခါ၌ အကျွနု်ပ်တို့သည် မြင်၍ ကိုယ်တော်ကို လုပ်ကျွေးပါသနည်း။ရေငတ်တော်မူသည်ကို ဘယ်အခါ၌ ကျွနု်ပ်တို့ သည်မြင်၍ ကိုယ်တော်ကို သောက်ဘို့ပေးပါသနည်း။အဝတ်အချည်းစည်းရှိတော်မူသည်ကို အဘယ်အခါနှင့် ကျွနု်ပ်တို့သည် မြင်၍ ကိုယ်တော်ကို ဖုံးလွှမ်းပါသနည်း။ အနာစွဲတော်မူသည်ကိုငင်း၊ ထောင်ထဲမှာနေတော်မူသည်ကိုငင်း ဘယ်အခါ၌ အကျွနု်ပ်တို့သည် မြင်၍ အထံတော်သို့ ရောက်ပါသနည်း?' မေးခဲ့ကြတယ်။

ဒါတွေဟာ အလိုအလျောက်-ချစ်ခြင်းမေတ္တာ မပါဝင်ပါ။ သူတို့ရဲ့ ဘဝဟာ သူတို့ထဲမှာပဲ ရှင်သန်နေတာပါ။

အဖဘုရား၊ လူတွေကို ကားစင်ကကျွနု်ပ်တို့ အတွက် ဘာလုပ်ပေးခဲ့လဲဆိုတာကိုမြင်ပါစေ။ လုံး၀ အလိုအလျောက်ဖြင့် 'ခင်ဗျားဖြစ်တုန်းက ... ဘုရားသခင်။ ကျွနု်ပ်တို့အားပြုသမျှမသိခဲ့တာပါ။'

ဘုရားသခင်ဘာကိုလှည့်ပြောသလဲဆိုတာကြည့်ပါ။ သင်တို့သည် ထိုသူတို့အားပြုသမျှတို့ကို ငါ့အား ပြုကြပြီ။ ဟုပြောခဲ့ခြင်းဖြစ်သည်။ အတ္တမဆန်သောအသက်တာပါ။ ဒုတိယ အတွေးအခေါ်မ ဟုတ်ပါ။ ဒါကို မတွေးပါနှင့်။ ဒါပေမဲ့ ခင်ဗျားဟာလောကရဲ့အရာတွေ အရမ်းယုံကြည်ထားတယ်။ ဒါကြောင့် ခရစ်တော်၌ ရှင်သန်ပါ။ ဒါတွေဟာ အလို အလျောက် ဖြစ်နေတဲ့အရာတွေ ဖြစ်တဲ့ အတွက် ထိုလမ်းပေါ်မှာ လျှောက်လှမ်းပါ။ ဒါကိုပဲ လုပ်ပါ။

43 ၄၃။ 'ဘုရားက ကျွနု်ပ်ကို ထိုဟာလုပ်ဖို့အခု အလိုရှိမှာပဲ' လို့ မပြောပါနှင့်။ အဲ့ဒါ မဟုတ်ပါ။ ခင်ဗျားတို့ဟာသူရဲ့ အစိတ်အပိုင်းဖြစ်ပါတယ်။ သူ့ရဲ့ ဝိညာဉ်တော်က ခင်ဗျားအထဲမှာရှိတယ်၊ ဒါကြောင့်သူပြုခဲ့သည့် အတိုင်း ခင်ဗျားတို့ ပြုတယ်။ နားလည်ကြလား? လူထင်သည်အတိုင်းမှန်သော လက္ခဏာရှိသော်လည်း၊အဆုံး၌ သေခြင်းသို့ ပို့သော လမ်းတမျိုးရှိ၏ 'သခင်၊ သခင်ဟုငါ့ကိုလျှောက်သောသူတိုင်း ကောင်းကင်နိုင်ငံသို့ ဝင်ရ လိမ့်မည်မဟုတ်။ ငါ့ခမည်းတော်၏ အလိုကိုဆောင်သော သူသာလျှင် ဝင်ရလိမ့်မည်။' သူတို့၏ နှလုံးသားထဲမှ လွတ်လပ်စွာဖြင့်သာ။

အခု၊ ကားစင်ပေါ်ကနေ့ကထိုတန်ဖိုးကိုပေးခဲ့သော ကြောင့်ကျွနု်ပ်တို့က ထိုလမ်းမှာ ရှိနေခြင်းဖြစ်တယ်။ 'မင်းသိလား၊ တစ်ခါတုန်းက မုဆိုးမဂျုန်းစ်ကကျောက်မီးသွေးကုန်နေ တုန်းက လေ ငါသွားပြီး သူမအတွက် ကျောက်မီးသွေးဝယ်ခဲ့ဖူးတယ်။' သို့ မဟုတ် 'ငါပြောပြဦးမယ်။ ငါလေ အဝတ်အစား တစ်စုံလိုအပ်နေတဲ့ညီအစ်ကို တစ်ယောက်ကို တွေးခဲ့တုန်းက ငါသွားပြီး သူ့ကို အဝန်တစ်စုံပေးခဲ့ဖူးတယ်။ ငါကခရစ်ယာန်တစ်ယောက်မိုလို့ပေါ့။ ကျေးဇူးတော်ပဲ' လို့ မပြောကြပါနဲ့။ အို တကိုယ်ကောင်းဆန်ပြီး သနားစရာကောင်းတဲ့ သေးသိမ်တဲ့လူပါလား၊ခင်ဗျားတို့က ကြောင်သူ တော်တွေပဲ။ လက်ဝဲဘက်ပြုသောအမှုကို လက်ျာဘက် မသိပါစေနှင့်၊ ထိုနည်းတူလက်ျာဘက်ပြုသောအမှုကို လက်ဝဲဘက် မသိပါစေနှင့်။

ခင်ဗျားတို့ဘာပဲလုပ်လုပ်လုပ်သည့် တိုင်အောင် ခရစ်တော်ထံမှာပဲ သေဆုံးမှုပြုပါ။ ဒါဟာ ခင်ဗျားတို့ရဲ့ သဘာဝပါ၊ပေါင်းစပ်မှုပါ။ ဘယ်လိုပဲ လုပ်လုပ်ပါ။ ဒါဟာ ခင်ဗျားတို့မှာ ရှင်သန်တဲ့ ဘဝပါ။ ခင်ဗျားကဝိညာဉ်တော်ကိုလုံး၀ လက်ခံထားခြင်းဖြစ်တယ်။ ထိုဝိညာဉ်တော်က သင့်အထဲမှာ ရှင်သန် နေတာဖြစ်ပါတယ်။

44 ၄၄။ အို၊ခင်ဗျားတို့ကောင်းချီးခံရသော ဝိညာဉ်တော်ကိုခံစားဖူးသလား? ထိုအသက်တာက 'ငါ သည်ကိုယ်တိုင် မရှင်' 'ခရစ်တော်သည် ငါ၌ ရှင်တော်မူ၏' ဟုပေါလုပြောခဲ့သလိုမျိုးပါ။ အလို အလျောက်ပါပဲ။

'ကောင်းပြီ၊ ကျွနု်ပ်ပြောမည်ညီအစ်ကို ဘရမ်ဟမ်။ ဒီမှာ ကျွနု်ပ်တို့က ခရစ်ယာန် တွေ ဖြစ် တယ်။ ကျွနု်ပ်တို့ က ထိုလူတွေကိုကူညီတယ်။ ကျွနု်ပ်တို့က သူတို့ကို ကူညီကြတယ်' အိုခင်ဗျားတို့ ရှက် သင့်တယ်၊ ဒါဟာ ခရစ်ယာန်ဘာသာ မဟုတ်ပါ။ ခရစ်ယာန်ဘာသာဆိုတာ အလိုအလျောက်... လုပ်ပြီးသားဖြစ်တယ်။ ဒါတွေအားလုံးကို မေ့ပစ်လိုက်ပါ.... သွားလုပ်ပါတော့။

ခရစ်တော်က လုံး၀ သူ့ဘဝကိုဘုရားသခင်ဆီမှာ အညံ့ခံခဲ့တယ်။ သူဟာ သူ့ကိုယ်သူ လူတိုင်း အတွက် ကျွန်တစ်ယောက်အနေနှင့်ပေးဆပ်ခဲ့တယ်။ သူ့ဘဝကို လွတ်လပ်စွာပေးအပ်ခဲ့တယ်။ သူဒါကို လုပ်ဖို့ မလိုပါဘူး။ သူတွန့်တိုစွာဖြင့်ဒါတွေကို လုပ်ခဲ့တာ မဟုတ်ပါ။ သူဟာ 'အခု ညီနောင်များ၊ ငါဟာ သင်တို့ အတွက်အသေခံပေးတဲ့အတွက်၊ ငါ့ကို သင်တို့အားလုံးသတိရကြပါ။' ဟု ပြောခဲ့ပါ။ သူဟာ ဒါနဲ့ ပတ်သက်ပြီး စကားလုံးတစ်လုံးမျှပင်မမြွက်ဆိုခဲ့ပါ။ သို့သော်ငြားသူသေဆုံးခဲ့ တယ်။ ဘာလို့လဲ ဆိုတော့ သူ့ အထံမှာ

ဘုရားရှိလို့ပါ။ခင်ဗျားတို့ထဲမှာ ကိုယ်တော်ရှိပါတယ်။ သူဟာကျွန်ုပ်တို့ကို သူတစ်ပါးတွေ ရှုမြင်စေသောသူဖြစ်တယ်။

45 ၄၅။ တစ်ဖက်မှာရှိသောသိုးများ

ထဲမှ တစ်ကောင်က ‘သခင် ကျွန်ုပ်ဒါကို လုပ်ပါပြီ၊ ကျွန်ုပ်ထိုဟာကိုလုပ်ပါပြီ’ ဟုလျှောက်ကြလိမ့်မည်။သူက ‘သင်တို့ကို ငါအလျှင်းမသိ။ အဓမ္မအမှုကို ပြုသောသူတို့၊ ငါ့ထံမှ ဖယ်ကြ’ ဟု မိန့်တော်မူမည်။

အကယ်၍ အသင်းတော်က ထိုအဓိကကျသော အဖြစ်မှန်တွေဆီသို့လာနိုင်မည်ဆိုရင် ဒါဟာ ခင်ဗျား တို့ ကြိုးစားလုပ်ရမယ့် ခင်ဗျားတို့ကိုယ်တိုင် လုပ်ရမယ့်တစ်စုံတစ်ရာ မဟုတ်ပါ။ ဒါဟာ ခင်ဗျားတို့ထဲ မှာ မွေးဖွားလာသော အရာဖြစ်ပါတယ်။

46 ၄၆။ ကျွန်ုပ်ကိုခွင့်လွှတ်ပါ။ပန်တီကော်စတယ်သူငယ်ချင်းများ၊ ကျွန်ုပ်က ပန်တီကော်စတယ်ပါ။ ဒါပေမဲ့ ဒါပေမဲ့ ကျွန်ုပ်ရဲ့ပန်တီကော်စတယ်သူငယ်ချင်းများက မြန်ဆန်တဲ့ ဂီတ တွေ၊ တချို့ တီးဝိုင်းအဖွဲ့တွေနဲ့ တီးပြီးလက်ခုပ်တီးတာတွေပါ။ ဒါမှမဟုတ်ဖုံတွေရှိတဲ့ အော်ဟစ်မှု တွေ ပြုကြတဲ့ နေရာဆီသို့ သွားကြတယ်။ဒါတွေဟာ ခံစားချက် သက်သက်ပါ။ ခံစားချက်ဆိုတဲ့ စစ်ပွဲကြီးထဲမှာ သူတို့ဟာ လူတွေနဲ့ စစ်မဖြစ်ခင်တီးဝိုင်း တွေနဲ့တီးကြတယ်။ ကျွန်ုပ်က ဂီတကိုယုံတယ်။ လက်ခုပ်တွေတီးတာကိုလဲယုံတယ်၊ ဒါပေမဲ့.... အဲ့ဒါတွေကို ယုံပါတယ်။ ဒါတွေဟာ အပြည့်အဝ မှန်တယ်။ ကျွန်ုပ်တို့မှာ ဒါတွေရှိသင့်တယ်၊ ဒါပေမဲ့ ခင်ဗျားတို့ဟာ မပြီးဆုံးသေးတဲ့ ကြီးမြတ်တဲ့ အရာတွေကိုချန်ထားရမယ်။ နှန်ကန်တဲ့ အရာတွေကို အလိုအလျောက်လုပ်ဆောင်နေတဲ့ ဘုရားသခင် ကျိန်းဝပ်သောကိုယ်တိုင်စွန့်လွှတ်အနစ်နာခံသော အသက်တာဟာထိုအရာနဲ့ ပတ်သက် တဲ့ အရာတွေကိုတောခြင်းမပြုပါနှင့်။ ဆက်လျှောက်လှမ်းပါ။ ဆက်ပြီးနေထိုင်ပါ။ ထို့နောက် စောင့်ကြည့်ပါ။ ဘာတွေဖြစ်နေလဲဆိုတာကိုခင်ဗျားတို့ ကြည့်ပါ။ ခင်ဗျာ.... ခင်ဗျားတို့ မလုပ်.... ခင်ဗျားတို့ဟာလမ်းမပေါ်မှာရှိတယ်၊ဒါဟာကားတိုင်က ခင်ဗျားတို့ကိုဆိုလိုတာဖြစ်တယ်- လမ်းမပေါ် မှာ- ထိုနေ့က ခင်ဗျားတို့အတွက် ဖွင့်ပေးခဲ့တယ်။

47 ၄၇။ အခုမှတ်ထားရမှာကခင်ဗျားဟာ စိတ်တစ်ဝက်သိုးတစ်ဝက်မဖြစ်နိုင်ပါဘူး။ သူတို့က ရောနှောခြင်း ပြုမှာမဟုတ်ပါဘူး။အခု ‘ဟုတ်တယ်၊ ခင်ဗျားတို့သိလား? ကျွန်တော်တို့ရဲ့ အဖွဲ့ထဲမှာ အဖွဲ့ အစည်းတစ်ခုရှိတယ်။ ကျွန်ုပ်တို့က ဆင်းရဲသားတွေကိုကူညီပေးတယ်။ ကျွန်ုပ်တို့က ဒီဟာတွေကို လုပ်ပေးကြတယ်’ လို့ပြောတဲ့ လူတော်တော်များများရှိကြပါတယ်။ ‘ ဒါတွေ အားလုံး ဟာ မှန်တယ်၊ ဒါပေမဲ့ ခင်ဗျားတို့ဟာ အဲ့ဒါနဲ့ ပတ်သက်ပြီး ကိုယ့်ဟွန်းကိုယ် တီးနေကြတယ်။ ခင်ဗျားတို့အဲ့ဒါကို မလုပ်ပါနဲ့။ခင်ဗျားတို့ရဲ့ စွန့်ကြဲသည့် အရာတွေကို လျှို့ဝှက်စွာ လုပ်ဆောင်ပါဟု ယေရှု မိန့်တော်မူပါတယ်။ခင်ဗျားတို့ဆီသို့ အလို အလျောက်ဖြစ်တဲ့ အရာပါ။’ ရေတစ်ခွက်ကိုသွားယူ သောက်တာထက် မပိုပါ။ ခင်ဗျားကရေဆာနေတယ်။ နောက်လူတစ်ယောက်က လဲရေဆာနေတယ် ဆိုရင် သူ့ အတွက်ပါတွေးပေးပါ။ သူတစ်ပါးလိုအပ်ချက်ကို ကိုယ့်လိုအပ်ချက်လို့တွေးပေးပါ။ စိတ်မ ဝင်စားဘူးဆိုပြီး မလုပ်ပါနှင့်။ ထိုအတိုင်းသာ ရှင်သန်ပါ။

48 ၄၈။ ကျွန်ုပ်တို့ဒါကိုကြည့်ပြီး ‘အို၊ ဟုတ်တယ်၊ကောင်းပါတယ်’ ဟုပြောပါ တယ်။ဒါမဟုတ်ပါ။ အကယ်၍ ဘုရားသခင်ရဲ့ သားတော်သည် လက်ဝါးကပ်တိုင်၌ အသေခံရန် အတွက် ကားစင် သို့သွားသည်တွင် လာကြသော သားတိုင်းကလဲ ကားစင်သို့သွားရပါမည်။ သူ့မှာ ကားတိုင် တစ်ခုရှိရမယ်။ခင်ဗျားမှာ ကားစင်ပေါ်ကနေဆိုတာရှိရမည်။ ကျွန်ုပ်မှာ ကားစင်ပေါ်က နေ့ရှိပါတယ်။ ဒါဟာအပြစ်ရဲ့ မေးခွန်းကို ငြိမ်သက်စေပါတယ်။ တရားဟော ဆရာကိုလက်ဆွဲနှုတ်ဆက်မှုမပြုပါနှင့်။ အသင်းတော် အတွင်းသို့ မတုန်ခါအောင်နင့် စာအားဖြင့် မဝင်လာပါနှင့်။ အသက်မွေးဝမ်းကျောင်းပညာအတွက် မလာပါနှင့်။ သို့သော် ဖွားမြင်ခြင်းတစ်ခုဖြင့်သာလာပါ။

သူဟာ ဘယ်တုန်းကမှ တတစ်လုံးမပေးခဲ့ပါ။သူဟာအသက်မွေးဝမ်းကျောင်း ပညာကိုလည်း မပေးခဲ့ပါ။ သူသည် မွေးဖွားခြင်းတစ်ခုသာ ပေးခဲ့သည်။ဒါဟာ ကျွန်ုပ်တို့ဘယ်လိုလာသလဲဆိုတာ ပါ။ ထို့နောက် အဲ့ဒီမှစပြီး ကျွန်ုပ်တို့ဟာ ခရစ်ယာန်အသက်တာဖြင့်အလိုအလျောက် အသက်ရှင် နေထိုင် ကြတာ ဖြစ်တယ်။

49 ၄၉။ အခုခင်ဗျားဟာသိုးတစ်ဝက်ဆိတ် တစ်ဝက် မဖြစ်နိုင်ပါဘူး။ ဒါကြောင့် ‘ကောင်းပြီ။ ငါတို့ဘုရားကျောင်းမှာ အဖွဲ့ အစည်းတစ်ခုရှိတယ်။ ငါတို့က ဆင်းရဲသားတွေကို ပေးလှူကြ တယ်။ ငါတို့ကဒါလုပ်တယ်၊ ဟိုဟာလုပ်တယ်၊ တခြားဟာတွေလဲလုပ်တယ်’ လို့ ခင်ဗျားပြောရင်ပေ့ါ။ ခင်ဗျားဟာ ထိုအရာကို တခြားသောအရာ မပါဘဲရခဲ့တယ်ဆိုရင်-သင့်ထဲမှာရှိသော ခရစ်တော်ရဲ့ အသက်တာ ခင်ဗျားကဒါတွေကိုဂုဏ်၊ မာနဖြင့် လုပ်နေခြင်း ဖြစ်တယ်။

ပေါလုက ကောရိ န္တု ဩဝါဒပထမစာစောင်၁၃ တွင် ‘သူတစ်ပါးကိုငါကျွေးမွေး၍ ဥစ္စာရှိသမျှ ကို စွန့်ကြဲသည်သာမက၊ ကိုယ်ခန္ဓာကိုမီးရှို့စေခြင်းငှါအပ်သော်လည်း၊မေတ္တာ မရှိလျှင် ငါ၌ အကျိုး မရှိ’ အခုတော့ ဒါဟာ ခက်ခဲပါတယ်။ ဒါပေမဲ့ အမှန်တရားဖြစ်ပါတယ်။ ထိုအမှန် တရားဆီသို့ ခင်ဗျားရောက်လာဖို့လိုသည်။ ကားတိုင်က သင့်အတွက် ဘာလုပ်ပေးခဲ့လဲဆိုတာ အသိအမှတ်ပြုကြပါ။

50 ၅၀။ အခုနောက်ထပ်သတိထားစရာရှိသေးပါတယ်။ သိုးတစ်ဝက် ဆိတ်တစ်ဝက်တွေဟာ ထိုကဲ့သို့ သော အရာမရှိကြဘူး။ ခင်ဗျားဟာသိုးတစ်ဝက်၊ဆိတ်တစ်ဝက် မဟုတ်ပါ၊ ခင်ဗျားဟာ ဆိတ်သို့ မဟုတ် သိုး တစ်ခုခုဖြစ်ပါတယ်။ အခုခင်ဗျားဟာကောင်းတဲ့အရာတွေ လုပ်နေမယ်၊ ပြီးတော့ ထိုအရာတွေအားဖြင့် ခင်ဗျားဝင်ရောက်နိုင်မယ်လို့ထင်ရင် ကားစင်ပေါ်ကနေ့ဆိုတာ ရှိတော့မှာ မဟုတ်ပါဘူး။ ထိုဥပဒေသက ဒါကိုသက်သေပြပေးခဲ့တယ်။ သို့သော်ငြားလည်း ထိုကားစင်ပေါ်ကနေ့ကို လက်ခံခြင်း ဟာ ကျွန်ုပ်တို့ကို အသင်းတော်၏ အဖွဲ့ဝင် များအနေဖြင့် မဟုတ်ဘဲနဲ့ ဘုရားသခင်၏ သား၊ သမီးအနေဖြင့် ခေါ်ဆောင်ပေးပါတယ်။

ဒါဟာ ကားစင်ပေါ်ကနေ့ရဲ့ဆိုလိုချက်ပါ။ဒါဟာ ခင်ဗျားကိုဆိုလိုတဲ့ သခင်ယေရှုကဲ့သို့ လုပ်ရ မည်၊ လိုက်လျှောက်ရမည့်၊

ကျင့်ကြံရမည်လို့ဆိုလိုချက်ပါ။

အခုမြစ်တစ်စင်းဟာ တစ်ချိန်တည်းအပေါ်တက်၊အောက်ဆင်း မပြုလုပ်နိုင်ပါ။ မြစ်ဟာ တစ်လမ်းတည်းသာ စီးဆင်းပါသည်။ ပြီးတော့ ဘုရားသခင်ရဲ့ဝိညာဉ်တော်ကလည်း တစ်လမ်းတည်း သာ သွားပါသည်။ ဘယ်အရာနှင့်မှ မရောနှောပါ။ တစ်လမ်းသာသွားပါတယ်။

51 ၅၁။ ယေရှုကိုသေသေချာချာကြည့်ရှုပါ။ ယေရှုက 'ငါ့ကိုယုံကြည်သောသူသည်ငါပြုသော အမှုတို့ကို ပြုလိမ့်မည်။ ထို အမှုတို့ထက်သာ၍ ကြီးသော အမှုတို့ကိုလည်း ပြုလိမ့်မည်။အကြောင်းမူကား ငါသည် ခမည်းတော်ထံသို့ သွား၍' ဟုမိန့်တော်မူခဲ့တယ်။ ခင်ဗျားတို့သိကြလား။ ကျွန်ုပ်တို့ဟာ ထိုအရာကို ဒီမှာရှိသောအသင်းတော်သို့ အများကြီးပြောနေမှာမဟုတ်။ သို့သော် ထိုသတင်းစကားကို ချည်ထားခဲ့ပြီ။ ကမ္ဘာတစ်ဝှမ်းမှာထောင်ပေါင်း၊ သိန်းပေါင်းများစွာက ကြားကြပြီ။ ကျွန်ုပ်ဟာ အခုချက်ချင်း ဝေဖန်သူတွေ အတွက်ထိုမေးခွန်းကို ဖြေရတော့မည်။ ကျွန်ုပ်ကို မကြာခဏ ပြောဖူးကြတယ်။ သူတို့က 'ကောင်းပြီ။ မင်းက ကျမ်းစာကို ယုံတယ်' လို့ပြောကြတယ်။ ယေရှုက 'ငါ့ ကို ယုံကြည်သောသူသည် ငါပြုသော အမှုတို့ကိုပြုလိမ့်မည်။ ထိုအမှုတို့ထက်သာ၍ ကြီးသော အမှုတို့ကိုလည်း ပြုလိမ့်မည်။ အကြောင်းမူကားငါသည် ခမည်းတော်ထံသို့သွား၍' ဟု မိန့်ဆိုခဲ့တယ်။

52 ၅၂။ မစ္စတာ၊ခင်ဗျားဘယ်လောက်ဆိုးနိုင်သလဲ?ခင်ဗျားရဲ့ အသိဉာဏ်ကြွယ်ဝတဲ့ ခရစ်ယာန် ဘာ သာလေ့လာမှုနှင့် ခင်ဗျားရဲ့ အရာရာတိုင်းအပေါ်စိတ်ပိုင်းဆိုင်ရာခံယူချက်တွေနှင့် သိသာမြင်သာမှု တွေမှ ဘယ်လောက်ဝေးဝေးခင်ဗျားလမ်းလွှဲနိုင်သလဲ? ကျွန်ုပ်၏ ချစ်ခင်နှစ်သက်ရသော ပျောက်ဆုံးနေသော သူငယ်ချင်းများရေ၊ ကျမ်းစာကို ဝိညာဉ်ပိုင်းအရ အဓိပ္ပါယ်ကောက်တာကို မင်းတို့နားမလည်နိုင်ကြဘူးလား? ယေရှုကခမည်းတော်ကိုကျေးဇူးတင်ခဲ့တယ်။ ဘာလို့လဲဆိုတော့ သူဟာ ဒါကို ပညာ တက်၊ လိမ္မာပါးနပ်၊ အသိဉာဏ်ရှိ၊နိုင်းချင့်မျှော်ခေါ်ခြင်းတွေထဲမှပုန်းရှောင်ခဲ့တယ်၊ ထို့နောက် ခလေး တွေကို ကားတိုင်ဆီသို့ လာရောက်နိုင်စေရန် ဖွင့်ပြလိမ့်မယ်။

53 ၅၃။ အခုစောင့်ကြည့်ပါ။(ယေရှုဒါကို ဘယ်လိုအတည်တကျ ပြောဆိုထားလဲဆိုတာ ကြည့်ပါ။) ယေရှုက 'ငါပြုသောအမှု.... ' ဟု မိန့်ဆိုခဲ့တယ်။ 'သူဒါတွေကို အခုလုပ်နေပြီ။' 'ငါပြုသော အမှုတွေ [အနာရောဂါငြိမ်းခြင်း၊သေသောသူကို ရှင်ပြန်ထမြောက်စေခြင်း၊ ကန်းသောသူကို မျက်စိ မြင်စေ ခြင်း]' တို့ကိုပြုလိမ့်မည်။ ငါ့ကိုယုံကြည်သော သူသည်ထိုအမှုတို့ကို ပြုလိမ့်မည်။ ထိုအမှုတို့ထက်သာ ၍ ကြီးသော အမှုတို့ကိုလည်း ပြုလိမ့်မည်။အကြောင်းမူကား ငါသည် ခမည်းတော်ထံသို့သွား၍၊ ခဏကြာပြီးမှလောကီသားတို့သည် ငါ့ကို မမြင်ရကြ။သင်တို့မူကားမြင်ရကြလိမ့်မည်။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည်တိုင်အောင် သင်တို့နှင့် အတူအစဉ် မပြတ် ရှိသည်။ ငါသည်။ သင်တို့ကို မိဘမဲ့ ဖြစ်စေခြင်းငှါ စွန့်ပစ်မည် မဟုတ်။ ငါသည်ခမည်းတော်ကို တောင်း၍ ခမည်းတော်သည် သမ္မာတရား ကိုပြသော ဝိညာဉ်တော်တည်းဟူသော တပါးသောဥပဇ္ဈာယ်ဆရာကို သင်တို့နှင့်အတူ အစဉ်မပြတ် တည်နေစေခြင်းငှါသင်တို့အား ပေးတော်မူမည်။ ထိုဝိညာဉ်တော်ကိုလောကီသားတို့သည် မသိမမြင် သောကြောင့် မခံမယူနိုင်ကြ။

54 ၅၄။ အခုသတိပြုပါ။ကြီးသော အမှုတွေဆိုတာ အသင်းတော်ထဲမှာ အစွမ်းရှိဖို့ပါ။ အနာရောဂါတွေ ကို ဆုတောင်းခြင်းအားဖြင့်ပျောက်ကင်းစေဖို့၊ နတ်ဆိုးများကို ဆုတောင်းခြင်းဖြင့် မောင်းထုတ်ဖို့သာ မက ယုံကြည်သူများကိုထာဝရအသက်တာပေးဖို့လည်း ပါသည်။ သန့်ရှင်းသော ဝိညာဉ်တော်လာနေ ပါပြီ။ အသင်းတော်များဆီသို့လက်ဆင့်ကမ်း ပေးဖို့ပါ။ ထာဝရ အသက်တာရဖို့ အတွက်ပါ။ ဒါဟာ ကားတိုင်ဆိုလိုချက်ပါ။

နှိမ့်ချသော၊ ရိုးကျိုးသောအမျိုးသား၊ အမျိုးသမီးတွေကို ဘုရားသခင်ရဲ့သား၊ သမီးနေရာ ဆီသို့ စောင်မသွားသည်။ နာခံတက်သောယုံကြည်သူများဆီသို့ သန့်ရှင်းသော ဝိညာဉ်တော်ကို ပေးခြင်းဖြင့် အနာရောဂါငြိမ်းစေဖို့နှင့်ထာဝရ အသက်တာရစေနိုင်ဖို့ပါ။ တစ်ခါက မယုံကြည်သူ ဖြစ်ခဲ့ဖူးသူများကို ယုံကြည်သူဖြစ်လာစေရန်နှင့် ဝိညာဉ်တော်နှင့် ပြည့်ဝသော ထာဝရ အသက်တာ ပေးဆပ်ဖို့ရန်ပါ။

55 ၅၅။ ဒါဟာဘယ်လောက်ကြီးမြတ်ပါသလဲ.... ဒီမှာလဲလျှောက်နေသော နေမကောင်းသော အမျိုးသမီးကို 'ယုံကြည်ခြင်း၏ ပဋ္ဌနာအားဖြင့်ကျွန်ုပ် ဆုတောင်းနိုင်တယ်' ဟုပြောဖို့နှင့်သူမဟာ ပျောက်ကင်းသွားလိမ့်မည်။ ဒါဟာ အရမ်းကောင်းတယ်။ ဒါကြောင့် သူဟာ သွားပြီ။ 'ထိုအမှုထက် သာ၍ ကြီးသော အမှုတို့ကိုပြုလိမ့်မည်။သင်တို့ကို အစွမ်းသတ္တိပေးမည်။ သူ့ကို ခဏတာ ထမြောက် စေဖို့ မဟုတ်၊ ထာဝရဖြစ်တဲ့ ထာဝရအသက်တာကိုပေးဖို့ပါဖြစ်သည်။'

သနားစရာ မမြင်နိုင်တဲ့မှုန်းစရာကောင်းသောလူတွေဒါကို ဘယ်လိုလွဲသွားရတာလဲ? ကြီးမြတ် သောအမှုအရာကို မမြင်ကြဘူးလား? ဒါဟာ ဖြစ်တောင့်ဖြစ်ခဲအကြီးမြတ်ဆုံး အရာပါ။လူသားတွေ ကို ထာဝရ အသက်ပေးဖို့ ဖြစ်ပါတယ်။

56 ၅၆။ ထာဝရအသက်ဆိုတာဘာလဲ? ဒါဟာ သူရှင်သန်ခဲ့တဲ့အသက်တာပါ။ သူ့အထဲမှာရှိတဲ့ အသက်တာပါ။ တခြားသူတွေကို ပေးဖို့ အတွက်ပါ။ လူသားတစ်ယောက်ကဒါကို လုပ်နိုင်ပါသလား? ဘုရားရဲ့သားတော်ကတော့လုပ်နိုင်ပါတယ်။ ယေရှုက 'အကြင်သူ၏ အပြစ်ကိုသင်တို့ လွှတ်လျှင် ထိုသူသည် အပြစ်လွှတ်လျက်ရှိ၏။ အကြင်သူ၏ အပြစ်ကို သင်တို့တည်စေလျှင်၊ထိုသူသည် အပြစ် တည်လျက်ရှိ၏ ' ဟု မိန့်တော်မူခဲ့ပါတယ်။ အခု ဒီမှာ ကက်သလင်း အသင်းတော်ရှိနေပြီး တော်တော် များများဟာသူတို့ရဲ့ ကြီးမားလေသော အပြစ်တွေ လုပ်ခဲ့ကြပါတယ်။ သူတို့ဟာ ထွက်သွားပြီး ' ကျွန်ုပ်သင့်ရဲ့ အပြစ်ကို ခွင့်လွှတ်ပါတယ် ' ဟု ပြောကြပါတယ်။ ဒါမဟုတ်ပါ။

ကျမ်းစာမှာ အပြစ်တွေကိုသူတို့ ဘယ်လို ခွင့်လွှတ်ခဲ့ပါသလဲ?ပေတရုကပင်တေကုတ္တေ နေ့မှာ ထိုမေးခွန်းကို ဖြေခဲ့ပါတယ်။ သူတို့က 'ကယ်တင်ခြင်းခံရဖို့ ကျွန်ုပ်တို့ ဘာလုပ်နိုင်လဲ? မင်းတို့အားလုံး ရခဲ့ကြတဲ့ ထိုအရာကို ကျွန်တော်တို့ဘယ်လို ရနိုင်မလဲ?' ဟု မေးခွန်းထုတ်ခဲ့ကြတယ်။

သူက ပြဋ္ဌာန်းချက်များကိုချရေးခဲ့တယ်၊ သူတို့ကို ဘာလုပ်ရမယ်ဆိုတာပြောခဲ့တယ်။ သူက 'နောင်တရ၍ တစ်ယောက်မျှ မကြွင်း၊ ယေရှုခရစ်တော်၏နာမ၌ ဗတ္တိဇံကိုခံကြလော့။' ဟုဟောခဲ့၏ ဘာအတွက်လဲ? 'သင်တို့၏ အပြစ်ကို လွှတ်စေခြင်းငှါ' ကြီးမြတ်သော

အမှုရှိပါတယ်။

57 ၅၇။ ဒီမနက်မှာတရားဟော သူ ဘယ်နှယောက်၊ အသံတိပ် ကြိုးနဲ့ငါရဲ့ နှုတ်ကပတ်တော်ကို နား ထောင်သူ ဘယ်နှယောက်ဒီမနက်ကားစင်ပေါ်ကသွားဖို့ ဆန္ဒရှိကြသလဲ?ထိုနေရာမှာ ဘုရားက သင်တို့အတွက် လုပ်ပေးခဲ့တာတွေကို ကြည့်ဖို့၊ ခင်ဗျားရဲ့ဘာသာရေးဂိုဏ်းခွဲဝါဒတွေကို ပစ်ပယ်ဖို့ နှင့် ဧဝံဂေလိ ဟောပြောဖို့ ဖြစ်ပါတယ်။ ဟာလေလုယာ၊ ဒါဟာအခု ခင်ဗျားရဲ့ ရင်ခွင်ထဲမှာပါ၊အဲ့ဒါနဲ့ ခင်ဗျား ဘာလုပ်မလဲ? ဘာကြောင့်လဲ? ခရစ်တော်၏ အခွင့် အားဖြင့် နောင်တတရားနှင့်အပြစ်လွှတ်ခြင်း တရားကို ယေရုရှလင်မြို့မှ စသောလူမျိုးတကာတို့အား ဟောပြောရမည်။ ဟာလေလုယာ။

ကားစင်က သင့်အတွက် ဘာကိုဆိုလိုတာလဲ? ထိုနေ့က သင့်အတွက် ဘာလုပ်ပေးခဲ့လဲ? ခင် ဗျားကိုတချို့ခရစ်ယာန်ဘာသာလေ့လာမှုနှင့်သိပ်ထည့်ခဲ့တာလား? ခင်ဗျားကို ကြွားဝါသူတစ်ယောက်ဖြစ်စေခဲ့တာလား? ဒါမှ မဟုတ် ခင်ဗျားကိုခရစ်ယာန်တစ်ယောက်ဖြစ်စေခဲ့တာလား ၊ ယုံ ကြည်မှုကို ပြောင်းလဲစေတာလား? ဟာလေလုယာ၊ အပြစ်တွေကို လွှတ်လိုက်ပြီ၊ ထိုအမှုထက်သာ၍ကြီးသော အမှုကို သင်ပြုပြီး ခင်ဗျားဘယ်မှာလဲဆိုတာ ခင်ဗျားမသိဖူးလား? ထို အမှုထက်သာ၍ ကြီးသော အမှု- ယေရှုခရစ်၏နာမအားဖြင့် အပြစ်တွေကို လွှတ်လိုက်ခြင်း ဖြစ်သည်။ သို့သော် ဘာသာ အယူဝါဒ၊ ဘာသာခွဲနှင့်စရှိသဖြင့် မှ တစ်ဆင့် ခင်ဗျားကို ကမ္ဘာကြီးကို လုပ်ကျွေး ပြုစုဖို့နေရာတစ်ခုဆီသို့ကျော်လွှားစေပါတယ်။

58 ၅၈။ ကျွန်ုပ်ကိုပြောပါ။ယောက်ျားတိုင်း၊ မိန်းမတိုင်းက ကားတိုင်ဆီကိုလာနိုင်ပါသလား၊ ပြီးတော့ ကြီးမြတ်သော တစ်စုံတစ်ယောက်ဖြစ်ဖို့မကြိုးစားနိုင်ဘူး။ ဘာလို့လဲဆိုတော့ တစ်စုံတစ်ယောက် က တစ်စုံတစ်ခုကို ပြောခဲ့လို့ပါ။ကားစင်ပေါ်ကနေ့မှာ မှန်ကန်တဲ့ အလင်းရောင်ထဲ မှာ ကားတိုင်ရဲ့ မျက်နှာကို ခင်ဗျားကဘယ်နေရာမှာကြည့်နိုင်လဲဆိုတာကျွန်ုပ်ကိုပြောပါ.....

ကားစင်ကနေ့မှာ ခင်ဗျားရဲ့နေ့ကဘယ်လိုရှိသလဲ၊ပြီးတော့ ကြွားဝါသူတစ်ယောက်ကို အယ်လိုထွက်ပေါ်လာစေသလဲ? တချို့သောလူသားတွေ ပြုလုပ်ထားတဲ့ ဩဝါဒအချို့ကိုဟောပြောဖို့ အချို့ အဖွဲ့ အစည်းအတွက် ရုပ်သေးရုပ် တစ်ခုကို ဘယ်လို ထွက်ပေါ်စေတာလဲ? ခင်ဗျားကို နှုတ်ကပတ်တော်ဆီဘယ်လို နှိမ့်ချမှုဖြစ်စေတာလဲ? ခင်ဗျားသာ ထိုနေရာဆီသွားရင် ခင်ဗျား နှိမ့်ချ စွာ ထွက်လာပါလိမ့်မယ်။ သူတို့ဟာ သားတော်ရဲ့ အဝတ်အစားကို ချွတ်ပြီးတစ်ကမ္ဘာလုံးရှေ့မှာ ကားစင်တင် ကွပ်မျက်ခဲ့သည်။ အရှက်ကွဲ၊ သိက္ခာချဖို့နှင့် စက်ဆုပ်ရွံ့ရှာသည့်အထိဘုရားသားတော် ယေရှုခရစ်တော်ဟာ ထိုးနှက်ထားသော ခန္ဓာကိုယ်နဲ့ တံတွေးထွေးခံထားသော မျက်နှာနှင့် ကိုယ့်ကို ကိုယ် နှိမ့်ချထားစဉ်အခါခင်ဗျားဟာ ဦးထုပ်ထဲက ငှက်မွေးတစ်ချောင်းနှင့် ခင်ဗျားရဲ့ အဖွဲ့အစည်းထဲ မှာ ကြီးမြတ်သောတစ်စုံတစ်ခုကို ခင်ဗျား ဘယ်လိုလုပ်ချင်နိုင်တာလဲ? ခင်ဗျားဟာ ကားစင်ကို ဘယ်လို သွားပြီး ခင်ဗျားဖြစ်ခဲ့တာ ထက်ထူးခြားတဲ့အရာကို ဘယ်လို ထွက်ပေါ်လာစေနိုင်တာလဲ?သိက္ခာမဲ့စရာ၊ ရှက်စရာပါ။

'အို' ခင်ဗျားက 'သူတို့ငါ့ကို ကန်လိမ့်မယ်' လို့ပြောပါတယ်။ သူတို့ကို ကန်ခိုင်းပါ။ ကားစင်မှာသင့်ရဲ့ နေ့ကိုဖြစ်စေပါ။ ဘုရားက သင့်နှင့် အတူသူ့ရဲ့ လမ်းကို ရှိစေပါတယ်။ ထိုဟာကိုထပ်ပြီး ကျွန်ုပ် ကိုးကားပါရစေ။ ကားစင်မှာ သင့်ရဲ့ နေ့ကို ရှိစေပါ။ ဘုရားက သင်နှင့်အတူ သူ့ရဲ့လမ်းကို ဖြစ်စေပါ လိမ့်မယ်။ ကျွန်ုပ်တို့ ဆုတောင်းရအောင်။

59 ၅၉။ ဘုရားသခင်၊အိုဘုရား၊ ကျွန်ုပ်တို့အားလုံးကို ကားတိုင်ဆီသို့ အခု ချက်ချင်း ခေါ်ဆောင်သွားပါ ၊ကျွန်ုပ်တို့ ကိုယ်တိုင်မှ လွှတ်မြောက်ခွင့်ပြုပါ၊ ကိုယ်တော်- လူသား၏ ကြောက်ရွံ့မှုတစ်စုံတစ် ယောက်က ဘာပြောမလဲဆိုတာကို ကြောက်ရွံ့ခြင်းတွေပါ။ ဘာကြောင့် တစ်ကမ္ဘာလုံးက သူ့ကို ရယ် ကြတာလဲ၊ ဘာလို့ သူ့ကို ဟာသလုပ်ကြတာလဲ၊ ဒါပေမဲ့ သူက တော့ သေဖို့ စိတ်ရှည်ပါတယ်။ သိက္ခာ ချခံဖို့ အတွက် စိတ်ရှည်ပါတယ်။ ဖက်ဒရယ်အစိုးရအောက်သို့ ရောက်တာတောင်မှသူ၊ အာဏာရှင် ဖြစ် လာတယ်ဆိုတာ ကျွန်ုပ်တို့ သိကြပါတယ်။ သူဟာ ထိုနည်းတူ ကျွန်ုပ်တို့ဘုရား ရှေ့မှာ သက်သေ ဆိုခဲ့တယ်၊ ပြီးတော့ 'ဤဘုန်းတန်းခိုးအာနုဘော်ရှိသမျှကိုငါ၌ အပ်ခဲ့ပြီ။ ငါသည် ပေးလို သော သူ အားပေးရသည်' ဟု လျှောက်ဆိုခဲ့သည်။ ပြီးတော့ ကျွန်ုပ်တို့ နားလည်တာက ထိုနေ့စပြီး တစ်ကမ္ဘာ လုံး ဆီသို့ ကျိန်ဆဲမှုတွေအောက်မှာ ကျိန်ဆဲသောသူတစ်ယောက်အားဖြင့် အုပ်ချုပ်ခံရပါတယ်။ဒါပေမဲ့ ဘုရားသခင်၊ အိုဘုရား၊ ကျွန်ုပ်တို့ သည် ဘေးသင့် ပျက်စီးခြင်း မရှိတဲ့ နိုင်ငံတော်တစ်ခုကို အမှုထမ်း ပါပြီ။

အဖဘုရားသခင်၊ ဒါဟာ ဘယ်လောက်အံ့ဩဖို့ကောင်းပါသလဲ။ ဘုရားကျောင်းတံခါး တစ်ချပ် ကို တောင်မဲမှောင်အောင် မလုပ်နိုင်တဲ့ အမျိုးသား၊အမျိုးသမီးတွေကို မြင်ခွင့်ပြုဖို့ ပညတ်တော် ဆယ်ပါးနှင့် အခြားသော အရာကဲ့သို့ ကြီးမြတ်တဲ့ရုပ်ပုံတွေ မျိုးခွင့်ပြုခြင်းအားဖြင့် ယနေ့ ပုံဖေါ်ထား သော ကမ္ဘာတွင် တချို့ ကြီးမြတ်သောအရာတွေ ခင်ဗျားပြီးသွားတယ် ဆိုတာ အံ့ဩစရာပါ။ ဒါပေမဲ့ သူတို့ကို ဒါကဘာလဲဆိုတာ ကြည့်ခွင့်ပြုပါ။ဘုရားသခင်ရဲ့ လမ်းဆိုတာ လောကအားဖြင့် ငြင်းပယ် ထားသော လမ်းပါ။ ဒါဟာ ဘာနဲ့ တူသလဲ ဆိုတော့ကွန်မြူနစ် စနစ်အောက်မှာ ရှိတဲ့ ရုရှား နိုင်ငံသို့ ကျွန်ုပ်တို့ သွားသလိုမျိုးပါ။ကျွန်ုပ်တို့က ဤ ကမ္ဘာထဲမှာပါ၊ ဒါပေမဲ့ လောကီနှင့် မဆက်ဆံပါ။ ကျွန်ုပ်တို့ ဟာကားတိုင်ဆီသို့သွားရပါတယ်။ ကျွန်ုပ်တို့ဟာ ကိုယ်တိုင် စွန့်လွှတ်ရပါတယ်၊ ဘုရားရဲ့ နိုင်ငံတော်အတွက်သူ့ထံမှ တစ်ယောက် ဖြစ်လာဖို့ပါ။ ကမ္ဘာလောကကြီးက ဘာပဲ ပြောပါစေ၊ ဘုရား သခင်ရဲ့ စက်ဆုပ်ရွံ့ရှာဖွယ်ကောင်းသော အနည်းငယ် နှင့် အတူ လမ်းကို လိုက်လျှောက်ရပါမည်။ ခရစ်တော်၏ ရှင်ပြန်ထမြောက်ခြင်းဆီသို့လျှောက်လှမ်းရပါမည်။

ဒံယေလကြိုသိခဲ့တဲ့ ဒီလောကကိုခေါ်ဆောင်သွားမယ့် နိုင်ံတော်တစ်ခုဆီသို့ ကျွန်ုပ်တို့ ပြန်လည် ရှင်သန်စေသောအခါဖြစ်ပါတယ်။ ကိုယ်တော်၊ ကျွန်ုပ်တို့ဟာ ထိုအရာလက်တွေ့ ဖြစ်လာ မယ် ဆိုတာယုံကြည်ပါတယ်။ ပြီးတော့ ထိုအရာကကမ္ဘာကြီးကို သေးငယ် သော အဖွဲ့စာလေးအဖြစ် သို့ ခွဲလိုက်ပြီး နွေရာသီ၏ စပါးနယ်ရာတလင်းပြင်မှာလေမှုတ်ထုတ်သလိုဖြစ်ပါတယ်။ သို့သော် တောင်၊ ကျောက်တုံးတွေဟာ ကမ္ဘာကြီးကို ဖုံးထားသောကြီးမြတ်သော တောင်တန်း တစ်ခု၊ အဖြစ် ကြီးထွားလာခဲ့ပါတယ်။ ထို ကျောက်တုံးဟာ လာသင့်ပါပြီ။အို ဘုရားသခင်၊ ကျွန်ုပ်တို့ဟာ ထိုဟာ၏ အစိတ်အပိုင်း တစ်ခုတော့ ဖြစ်ချင်ပါတယ်။ ကျွန်ုပ်တို့ကိုယ်တိုင် ကျွန်ုပ်တို့ ငြင်းပယ်ပါ၊

ကားတိုင်ကနေ့ တိုင်းထမ်းရွက်ပါ၊ ခရစ်တော်အတွက်ရှင်သန်ပါ၊ သူတစ်ပါး အတွက် အသက်ရှင်ပါ။ ထိုအရာကို သ ဘောတူပါ။ ကိုယ်တော်။

60 ၆၀။ အကယ်၍ဒီမနက်မှာ သူ့ကို ကယ်တင်ရှင်အဖြစ် မသိကြသေးသူတစ်ချို့ ရှိမယ်ဆိုရင် ၊ နီးကပ်စွာ ဆုတောင်းခြင်းကိုမှတ်မိစေဖို့ဆိုရင်၊ ဒီအရာတွေ အတွက် ကားတိုင်မှာ သင့်ရဲ့နေ့ကို ဖြစ်စေမယ် ဆိုရင် သင့်ရဲ့လက်ကို မြှောက်ပြီး ‘ ကျွန်ုပ် အတွက်ဆုတောင်းပေါ၊ ညီအစ်ကို ဘရမ်ဟမ်၊ ကျွန်ုပ်သူ့ကို ကျွန်ုပ်၏ ကယ်တင်ရှင် အဖြစ် သိချင်ပါတယ် ’ လို့ ပြောပါ။ ဘုရားကောင်းချီး ပေးပါစေ။ ကောင်လေး၊တစ်ယောက်ယောက်? ဘုရားကောင်းချီးပေးပါစေ၊အနောက်ဘက်ထို နေရာကညီအစ် ကို ။ ထိုနေရာမှာ ‘ကျွန်ုပ်သူ့ကို သိချင်တယ်။ ကျွန်ုပ် အတွက် ကားတိုင်ကနေ့ ဖြစ်ဖို့ လိုအပ်ပါတယ်။ကျွန်ုပ်နေမကောင်းပါ။ ပင်ပန်းနေပါပြီ။ ဒီနေရာမှာ သေးငယ်သော ကျွန်ုပ်၏ အသုံးဝင်မှုသည်ကျွန်ုပ် မွေးဖွားလာတုန်းက လုပ်ရမယ့်တစ်ခုတည်းသော အရာနှင့် ဘာဖြစ်ပါသလဲ? ကျွန်ုကို မွေးဖွားခဲ့တယ်၊ ဘုရားရဲ့သားတစ်ယောက်ဖြစ်ဖို့ကျွန်ုပ်ကို မွေးဖွားခဲ့ပြီ။ ဒီမှာ ကျွန်ုပ်ဟာ ကမ္ဘာရဲ့ အရာဝတ္ထုတွေ ကို ကိုင်စွဲမှုပြုနေပါတယ်။ဘုရားသခင်၊ ဒီကနေ့ ကျွန်ုပ်ကို လက်ဝါးကပ်တိုင်မှာ ကွပ်မျက်ပါစေ။ ကျွန်ုပ် သည်ခရစ်တော်နှင့်အတူ အသက်ရှင်ပြီး တပါးသူအတွက် အသက်ရှင်စေဖို့ရန် ဒီကနေ့ ကျွန်ုပ်တို့ ကိုယ်တိုင်နှင့်ကျွန်ုပ်ရဲ့ အတွေး အခေါ်တွေကို စွန့်လွှတ်စေပါ။ သူတို့ ကျွန်ုပ်ကို ဘာပဲ လုပ်ပါစေ။အကယ်၍ သူတို့ ကျွန်ုပ်ကို ဟာသလုပ်ပြီး ကျွန်ုပ်နှင့် အရာဝတ္ထုတွေကို ဆန့်ကျင်ပြီး နတ်ဆိုးအားလုံးကို ပြောကြမယ်ဆိုရင် ကျွန်ုပ်နှိမ့်ချစွာ လျှောက်လှမ်းပြီး သူလုပ်ခဲ့သလို မျိုး သိုးလေးတစ်ကောင်ကဲ့ သို့ လုပ်ဆောင်စေပါ။ တစ်နေ့ နေ့ နောက်ဆုံး သောနေ့မှာ သူဟာ ကျွန်ုပ်ကို ချီးမြှောက်မယ်လို့ကတိ ပေးခဲ့ပါတယ်။ ကျွန်ုပ်ထိုနေ့ကို စောင့်မျှော်နေပါတယ်။ ’

လက်မြှောက်တာထက်ပိုတဲ့အချို့ရှိပါသလား? အနောက်မှာရှိသောသူများနှင့် သင့်ကို ဘုရား ကောင်းချီးပေးပါစေ။ ကောင်းပြီ၊ နောက်ထပ်။ ဘုရားကောင်းချီးပေးပါစေ၊ဘုရားကောင်းချီးပေးပါစေ။ ကျွန်ုပ်တို့ ဆုမတောင်းခင်ပို၍ တရားမျှတသော အချို့ပါ။

61 ၆၁။ ကောင်းကင်ဘုံ၌ရှိသော ကျွန်ုပ်တို့ အဖ၊ ပင်တေကုတ္တေနေ့မှ ပေတရု ဟောပြောသော အခါ ‘ယုံကြည်သော ရှိသမျှတို့ကို အသင်းတော်ထဲသို့ထည့်သွင်းခဲ့ကြတယ်။ ’ လို့ပြောခဲ့ပါတယ်။သူတို့ဟာ သူတို့ ရဲ့နှလုံးသားအားလုံးနဲ့ အစစ်အမှန်ယုံကြည်ခဲ့ပါတယ်။ သူတို့ရဲ့ လက်ကိုမြှောက်သော ထိုသူတွေ၊ ကျွန်ုပ်ယုံကြည်တောက ထိုသူတွေဟာ သူတို့ရဲ့ နှလုံးသားအားလုံးနဲ့ယုံကြည်တယ် ဆိုတာပါ။ သူတို့ယုံကြည်တယ်ဆိုရင်၊ ဒီမှာစောင့်နေတဲ့ ရေကူးကန်တစ်ခုရှိတာပါ။သူတို့ဟာ သူတို့ရဲ့ အပြစ်တွေကို ခွင့်လွှတ်စေချင်တယ်ဆိုရင်၊ ကျွန်ုပ်တို့ကို ကယ်တင်မယ့်ကောင်းကင်ဘုံအောက် ပေးထားသောလူများထဲမှ တစ်ခုတည်းသော နာမည်ဖြင့် သူတို့ကို ဗတ္တိဇံပေးနိုင်သောတစ်စုံတစ် ယောက်ဟာ ဒီမှာရှိပါပြီ။ လွန်ခဲ့သော မိနစ်အနည်းငယ်က ကျွန်ုပ် ခရစ်ယာန်သမ္မာန်ကျမ်းစာကိုကိုး ကားတဲ့အတွက် ‘နောင်တတရားနှင့်အပြစ်လွှတ်ခြင်းတရားကို ယေရုရှလင်မြို့မှ စသော လူမျိုး တကာတို့အား ဟောပြောရမည်။ ’ ဆိုတာပါ။ ပြီးတော့ယေရုရှလင်မှာ၊ နောင်တတရားနှင့် အပြစ်လွှတ် ခြင်းတရားကိုဟောပြောတုန်းက တမန်တော်က သမ္မာကျမ်းစာအားဖြင့် ထိုသူတို့ကိုဟောပြောခဲ့ပြီး သူတို့က ပထမဆုံး နောင်တ ရရမယ်။ ပြီးနောက် ယေရှုခရစ်တော်၏ နာမအားဖြင့်ဗတ္တိဇံ ခံရမယ်လို့ ဟောခဲ့သည်။ ဒါဟာ တရားဟောသူများ လုပ်ရမယ့်အလုပ်ပါ။ သူတို့ အတွက်နောင်တရဖို့နှင့် သူ့အတွက် သူတို့၏ အပြစ်တွေကို လွှတ်ငြိမ်းစေဖို့ရန် သူတို့ ဗတ္တိဇံခံဖို့ပါ။ ‘ အကြင်သူ၏ အပြစ်ကို သင်တို့လွှတ်လျှင်၊ ထိုသူသည် အပြစ်လွှတ်လျက်ရှိ၏။ အကြင်သူ၏ အပြစ်ကို သင်တို့ တည်စေလျှင်၊ ထိုသူသည်အပြစ်တည်လျှက်ရှိ၏ ’

62 ၆၂။ ခမည်းတော်ကမ္ဘာကြီးကသင်တို့လုပ်သမျှ စိတ်ဆိုးပေါက်ကွဲမှု တစ်ခုအပေါ် ဘယ်လိုတုံ့ပြန် ပါသလဲ? ရိုးရှင်းတဲ့ဧဝံဂေလိ တရားကို ဘာကြောင့် မယုံကြည်တာလဲ? ထို့နောက် သူတို့က မှားနေသော အမည်တွေ၊မှားနေသောဗတ္တိဇံတွေ၊ မှားနေသော သန့်ရှင်းသော ဝိညာဉ်တော ် ဗတ္တိဇံ တွေ၊ ဝန်ကြီးများနှင့် လက်ဆွဲနှုတ်ဆက်တာတွေ၊ ခရစ်ယာန်သမ္မာကျမ်းစာမှာ တစ်ခါမှ မပါဖူးတဲ့ ခမည်းတော်၊ သားတော်နှင့်သန့်ရှင်းသော ဝိညာဉ်တော ်၏ နာမည်ကို အသုံးပြုခြင်း တွေကို အစားထိုးဖို့ ခမည်းတော်၊ သားတော်နှင့်သန့်ရှင်းသောဝိညာဉ်တော်၏ နာမည်ကို အသုံးပြုခြင်းတွေ ကို အစားထိုးဖို့ အတွက် ယူဆောင်လာပါတယ်။ ကျမ်းစာထဲမှာဘယ်မှာမှ မသင်ကြားတဲ့ခရစ် ယာန်တစ် ယောက်ရောမ လူများအားဖြင့် ပြုလုပ်သော မှတ်တမ်းတစ်ခုပါ။ အပြစ်လွှတ်ငြိမ်းခြင်းကို အမည်နာ မ အားဖြင့်တော့ မလွှတ်ငြိမ်းနိုင်ပါ၊ သို့သော် ယေရှုခရစ်၏နာမအားဖြင့်တော့ လွှတ်ငြိမ်းနိုင်ပါတယ်။

အခု။ အဖခမည်းတော်၊ ဒါဟာလုံးဂရေပန်းမစားဘူးဆိုတာသိပါတယ်။ ခင်ဗျားရဲ့ လမ်းတွေ ဟာ အမြဲတမ်း ထိုလမ်း ဖြစ်ခဲ့ပါတယ်။ သို့သော် အမျိုးသား၊ အမျိုးသမီးများက ထိုနေ့၊ ကားစင် ပေါ် က နေ့ဆီသို့ ရောက်လာခွင့်ပြုပါ။ထိုစက်ဆုပ် စရာကောင်းသော နေ့မှာ ယေရှုဟာ အဝတ်အစား ချွတ်ခံခဲ့ရပြီး အရှက်ကွဲရပါတယ်။အပိုင်းအစလေးများ အဖြစ် ရိုက်နှက်ခံရပါတယ်၊ တံတွေး ထွေးခံရ ပါတယ်။ တစ်ကမ္ဘာလုံး သူ့ကိုချစ်သင့်တဲ့သူသားတွေများဖြင့် ရဲ့ဟာသလုပ်ခြင်းခံရပါတယ်.... သို့သော်ငြားလည်းသူဟာပါးစပ်ကိုပင် မဖွင့်ဟခဲ့၊ထိုသူ့ကို ဟာသလုပ်ခဲ့သူများ အတွက် ထားပြီး အသေခံခဲ့ပါတယ်။

63 ၆၃။ ဘုရားသခင်၊ဒီမနက် ကျွန်ုပ်တို့ကို ကားစင်ပေါ်သို့ ခေါ်ဆောင်သွားပါ။ ပြီးတော့ သူတို့က ကျွန်ုပ်တို့ကိုရူးနေတယ်လို့ ပြောတဲ့ အခါ၊ သူတို့က ကျွန်ုပ်တို့ဟာ သမ္မာကျမ်းစာကို မှားယွင်းစွာ လက်ခံတယ်လို့ပြောတဲ့အခါ။ သူတို့ဘာတွေပဲ ပြောနေပါစေ၊ ဘုရားသခင် သူတို့ဟာ ဘုရားသခင်ရဲ့ မျက်မှောက်တော်ထဲမှာရှိမနေတော့ဘဲ ဒါဟာ မှားတယ်လို့ မပြောနိုင်တော့ပါ။

သူတို့ဟာ သူတို့ရဲ့ အပြစ်တွေကိုကျမ်းစာအားဖြင့် မဖုံးနိုင်ပါ။ ကျမ်းစာက သူတို့ရဲ့ အပြစ်တွေ၊ မယုံကြည်မှုတွေကို မဖုံးလွှမ်းနိုင်ပါ။ ကျော်ကြားဖို့၊လူစုလူဝေးရဲ့ အစိတ် အပိုင်းတွေ ဖြစ်ဖို့ပါ။ ဒီမနက် သူတို့ကို ကားစင်သို့ခေါ်ဆောင်လာပါ။ယေရုရှလင်မြို့မှစသော လူမျိုးတကာတို့အား ဟောပြောရ မည်။ သူတို့ကို ထိုတူညီသော လက်ဝါးကပ်တိုင်မှာရိုက် ထားသော ခြေလှမ်းနောက်ကို လိုက်စေပါ။ ထိုနှက်ခံရဖို့၊ တံတွေးထွေးခံရဖို့၊ ဟာသလုပ်ခံရဖို့နှင့် ဘာသာရေး ဖောက်ပြန်သူဆိုတဲ့ မျဉ်းပေါ်မှာ ခေါ်နိုင်သမျှ အားလုံးခေါ်ခံရဖို့- အသင်းတော်၏မျက်ရည်ကျသူတွေ၊ သူတို့အားလုံး ခေါ်ချင်ကြတယ်။

ဘုရားသခင်၊ ဒီမနက် ကျွန်ုပ်တို့ကိုကိုယ်တော်ရဲ့ စက်ဆုပ် အထင်အမြင်သေးသော အချို့ အရာနှင့် အတူ ကျွန်ုပ်တို့ရဲ့ လမ်းသို့ခေါ်ဆောင်သွားပါရစေ။ တမန်တော်တွေလိုက်လျှောက်သကဲ့ သို့ ကျွန်ုပ်တို့ လိုက်လျှောက်ပါရစေ။ညာ၊ဘယ် လုံးဝမလှည့်ဘဲနဲ့ပါ။ နှလုံးသား၏ ကြင်နာမှုအားဖြင့် ကိုယ် တော်ကို အစေခံပါရစေ။ခွင့်ပြုပါ။ အဖဘုရား။

အခု ဖျားနာသူ နှင့် ဆုတောင်းခြင်းလိုင်းဆီးသို့လာနေကြသော ညှင်းဆဲခံရသူတွေကို ကုသပါ။ သူတို့ရဲ့နှလုံးသားထဲမှာ သူတို့ရဲ့ လက်တွေကို မြှောက်ကြသော ထိုသူတွေကို အခု ချက် ချင်း နောင်တရစေပါ။အနောက်မှာ အကြာကြီး မတ်တပ်ရပ်ပြီး ရေဆီသို့ လျင်မြန်စွာ သွား သူများ သူတို့ရဲ့ အပြစ်ကိုစွန့်လွှတ်အနစ်နာခံသူ၊ ဘုရားသခင်ရဲ့ သားတော် ယေရှုခရစ်၏ နာမအားဖြင့် ရုတ် ငြိမ်းစေပါ။အာမင်။

MESSAGE hub online

www.messagehub.info

ဒေသနာ ဝေငှသူ

**ဝီလီယမ်မာရီယမ် ဗရမ်ဟမ်**

'... နေ့ရက်များ၏ ကြွေးကြော်သံ ... ' (ဗျာဒိတ် ၁၀:၇)